# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၃၂)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် )

[အင်္ဂါနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ရဲ့ (၃၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၅.၆၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးရဲ့ (၃၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးရဲမြင့်၊ ပဲခူး(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်း အစည်းအဝေး။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ဥပဒေကြမ်း အစည်းအဝေး။ ဦးအောင်ချို‌ဦး၊ ပဲခူး(၁၁)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ဥပဒေကြမ်းအစည်းအဝေး၊ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ဥပဒေကြမ်းအစည်းအဝေး၊ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးနှင်းဝေ၊ ကယား (၁၂)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးထွန်းဇော်(ခ) ကိုပေါက်၊ ပဲခူး(၁၂)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ဥပဒေကြမ်း အစည်းအဝေး။ ဦးမောင်စိန်၊ တနင်္သာရီ(၅)၊ ဥပဒေကြမ်း အစည်းအဝေး။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးစောအုန်း၊ မွန်(၉)၊ ဥပဒေ ကြမ်းအစည်းအဝေး။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ဥပဒေ ကြမ်းအစည်းအဝေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုကော်မတီ အစည်းအဝေး။ ဦးစံပြည့်၊ ကချင်(၇)၊ ကော်မတီအစည်းအဝေး။ ဦးကံညွန့်၊ စစ်ကိုင်း(၅)၊ ကော်မတီအစည်းအဝေး။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ကော်မတီအစည်းအဝေး။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကော်မတီအစည်းအဝေး။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ကော်မတီ အစည်းအဝေး။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကော်မတီအစည်းအဝေး။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ကော်မတီ အစည်းအဝေး။ ဦးလျူကွယ်ရှို၊ ရှမ်း(၁၁)၊ ကျန်းမာရေး။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ကော်မတီ အစည်းအဝေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၈)ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်း ဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော် ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒဆိုင်ရာလုပ်ငန်းညှိနှိုင်းရေးအဖွဲ့နှင့် ကော်မတီများ ဖျက်သိမ်းခြင်း၊ ပြန်လည်ဖွဲ့စည်းခြင်းတို့ကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း နှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒဆိုင်ရာလုပ်ငန်း ညှိနှိုင်းရေး အဖွဲ့နှင့် ကော်မတီများဖျက်သိမ်းခြင်း၊ ပြန်လည်ဖွဲ့စည်းခြင်းတို့ကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း နှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်တွင် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့နှင့် ဩဂုတ်လ ၅ ရက်နေ့ တို့တွင် ဖွဲ့စည်းခဲ့သည့် အမျိုးသားလွှတ်တော် ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒ ဆိုင်ရာလုပ်ငန်းညှိနှိုင်းရေးအဖွဲ့နဲ့ ကော်မတီများကို ၃၁-၇-၂၀၁၄ ရက်နေ့မှစ၍ ဖျက်သိမ်း ခြင်းနှင့်

၁-၈-၂၀၁၄ ရက်နေ့မှစ၍ ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။

ပြန်လည် ပြင်ဆင်ဖွဲ့စည်းသည့် အမျိုးသားလွှတ်တော် ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့နှင့် ကော်မတီများစာရင်းကို အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒဆိုင်ရာလုပ်ငန်း ညှိနှိုင်းရေးအဖွဲ့နှင့် ကော်မတီများ ဖျက်သိမ်းခြင်း၊ ပြန်လည်ဖွဲ့စည်းခြင်းတို့ကို လွှတ်တော် က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒဆိုင်ရာလုပ်ငန်းညှိနှိုင်းရေးအဖွဲ့နှင့် ကော်မတီများဖျက်သိမ်းခြင်း၊ ပြန်လည်ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံရှိလေယာဉ်ကွင်းများ အထူးသဖြင့် မင်္ဂလာဒုံလေယာဉ်ကွင်းလေယာဉ်ရပ်နားရာ APRON တွင် လေယာဉ်များ ပြည့်ကြပ်နေပြီး မြေပြင်မတော်တဆထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိပါသဖြင့် မြေပြင်မတော်တဆထိခိုက်မှုမရှိစေရန် မည်ကဲ့သို့အစီအမံများချမှတ်၍ ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈၇**

**ဥက္ကဋ္ဌ။** ။ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် က မြန်မာနိုင်ငံရှိလေယာဉ်ကွင်းများ အထူးသဖြင့် မင်္ဂလာဒုံလေယာဉ်ကွင်း လေယာဉ်ရပ်နားရာ APRON တွင် လေယာဉ်များ ပြည့်ကြပ်နေပြီး မြေပြင်မတော်တဆထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိပါသဖြင့် မြေပြင်မတော်တဆထိခိုက်မှုမရှိစေရန် မည်ကဲ့သို့အစီအမံများချမှတ်၍ ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်း နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့

နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ မေးမယ့် မေးခွန်းကတော့ မြန်မာနိုင်ငံရှိ လေယာဉ်ကွင်းများ၊ အထူးသဖြင့် မင်္ဂလာဒုံလေယာဉ်ကွင်း လေယာဉ်ရပ်နားရာ APRON တွင် လေယာဉ်များ ပြည့်ကျပ်နေပြီး မြေပြင်မတော်တဆထိခိုက်မှု Ground Accident များ ဖြစ်ပေါ်လျက်ရှိပါသည်။ မြေပြင်မတော်တဆထိခိုက်မှု မရှိစေရန် မည်ကဲ့သို့ အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုပါကြောင်း အများပြည်သူရဲ့ အကျိုးအတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်အသုံးအနှုန်း အနည်းငယ်ပါရှိသည်ကို ခွင့်ပြုပေးပါရန် မေတ္တာ ရပ်ခံအပ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှု၊ ပွင့်လင်းလာမှုတို့ကြောင့် နိုင်ငံခြားခရီးသည်တွေ အလုံးအရင်းနဲ့ ဝင်ရောက်လာတာကို တွေ့ရပါတယ်။ မနှစ်က (၂)သန်းကနေ ပြီးတော့ ဒီနှစ်ဆိုရင် Tourist (၃)သန်းအထိ ခန့်မှန်းတော့ ကျွန်တော်တို့ လေယာဉ်လိုင်းတွေ၊ လေယာဉ်တွေလည်း အစီးရေ တိုးပွားလာပါတယ်။ အဲဒီအတွက်ကြောင့် မြန်မာနိုင်ငံရဲ့ စီးပွားရေး တိုးတက်လာတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။

ကျွန်တော်တို့ရဲ့ လူငယ်တွေလည်း လုပ်ငန်းကိုင်ငန်းတွေ အဆင်ပြေ၊ ကျွန်တော်တို့ Mechanic တွေ၊ Fitter တွေကအစ အလုပ်အကိုင်တွေ ရကြပြီးတော့ အားလုံး အများပြည်သူ အကျိုးအတွက် ကောင်းပါတယ်။ ဒါကို ကျွန်တော်တို့အနေနဲ့ ကျမသွားအောင် ကျွန်တော်အနေနဲ့ ထပ်ဆောင်းသတိပေးခြင်း ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ကလည်း ဆောင်ရွက်နေတာ ကျွန်တော်သိပါတယ်။ ဒါပေမယ်လို့ ကျွန်တော်တို့အနေနဲ့ တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းပြီးတော့ လွှတ်တော်အနေနဲ့လည်း ကျွန်တော်တို့ဝိုင်းပြီးတော့ အကြံပြု၊ နောက်သတိပေးတဲ့ အပိုင်းလေး၊ နောက်တစ်ခါ အများပြည်သူတွေကလည်း ဝန်ကြီးဌာနက ဘယ်လိုဆောင်ရွက်နေတာကို သိထား လို့ရှိရင် ပိုကောင်းပါတယ်။ ဒါကြောင့်မိုလို့ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးရခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ မင်္ဂလာဒုံလေယာဉ်ကွင်းမှာ လေယာဉ်သွားစီးတဲ့အခါမှာ လေယာဉ်ပျံပေါ် က လှမ်းကြည့်ရင် တွေ့ရတာတော့ ကွင်းနဲ့အပြည့်ပဲ လေယာဉ်တွေဟာ တစ်စင်းနဲ့ တစ်စင်း အတောင်ပံချင်း ထပ်လုမတတ်ပေါ့လေ၊ ဒါကြောင့် Ground Accident တွေဟာ မကြာခဏ ဖြစ်တယ်လို့ ကျွန်တော်တို့ ကြားသိနေရတယ်။ ကျွန်တော်တို့ ကြားသိနေရတာတင်မဟုတ်ပါဘူး။ ဝန်ကြီးကိုယ်တိုင်က ပြီးခဲ့တဲ့လကတည်းက ပြောသွားပါတယ်။ Seminar ကြီးတစ်ခုမှာ ပို့ဆောင်ရေး ဝန်ကြီးက ဘာပြောသလဲဆိုတော့ မြန်မာနိုင်ငံမှာ ပျံသန်းလျက်ရှိတဲ့ အစိုးရပိုင်၊ နိုင်ငံသားပိုင် လေကြောင်းလိုင်းတွေရဲ့ မတော်တဆဖြစ်ပွားမှုနှုန်းဟာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်မှာ ကမ္ဘာ့လေကြောင်း လိုင်းတွေရဲ့ Average ပေါ့လေ၊ အဲဒါတွေထက် (၁၀)ဆခန့် မြင့်တက်နေကြောင်းနှင့် လေကြောင်း ဆိုင်ရာ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် သတိပြုဖို့ဆိုပြီးတော့ ဝန်ကြီးကိုယ်တိုင်က ပြောပါတယ်။ ကျွန်တော်တို့လည်း ကြားနေရတာပါပဲ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိချင်လည်း သိမှာပါ။ Accident က (၂)မျိုးရှိတာ၊ တစ်ခုက Incident ပေါ့လေ၊ သူက Accident ကြီးတော့ မဖြစ်ဘူး။ ဒါပေမဲ့ Near risk ခေါ်တာပေါ့၊ လေယာဉ်ပျံဘေးက ကားက ပွတ်ပြီးတော့ ဖြတ်သွားတယ် သို့မဟုတ်

လေယာဉ်ပျံနှစ်စီး အတောင်ပံချင်း ကပ်သွားတယ်ဆိုလို့ရှိရင်လည်း ဒါ Incident ပဲ၊ ဒါပေမဲ့ အဲဒါမျိုးတွေများလာရင် Accident ဖြစ်တတ်တယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ လေယာဉ်ပျံမှာ အခေါ်အဆိုအရ Incident နဲ့ Accident (၂)မျိုးရှိပါတယ်။ အဲဒီတော့ Incident တွေကိုလည်း ကျွန်တော်တို့ Record လုပ်တယ်။ ဒါကြောင့်မို့လို့ များခြင်းဖြစ်ပါတယ်။ အဲဒါကို ဝန်ကြီးကိုယ်တိုင်ပြောတဲ့အတွက်ကြောင့် ကျွန်တော်တို့ ကြားသိတာနဲ့က တိုက်ဆိုင်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် slide လေးနဲ့ပြပါမယ်။ Accident တစ်ခုဖြစ်သွားတာ၊ ဒီဥစ္စာပါ။ ကျွန်တော်တို့ မင်္ဂလာဒုံလေယာဉ်ကွင်းမှာ ၁၄-၄-၂၀၁၄ ရက်နေ့က လေယာဉ်(၂)စီး Ground Accident ဖြစ်သွားတယ်။ သူက လေယာဉ်တစ်စီးက ရပ်ထားတယ်။ နောက် လေယာဉ်လိုင်းက လေယာဉ်တစ်စီးကနေပြီးတော့ ဆွဲလာတာသူက၊ Tow လုပ် လာတာ။ Tow လုပ်လာရင်နေသူက Tow ဖြုတ်လိုက်တဲ့အချိန်မှာ အဲဒီလေယာဉ်က အရှိန်ကို မထိန်းနိုင်ဘဲနဲ့ ရပ်ထားတဲ့လေယာဉ်ကို သွားတိုက်တယ်။ သွားတိုက်တော့ တော်တော်လေးကို ပျက်စီးသွားပါတယ်။ အဲဒီမှာ အတိုက်ခံရတဲ့ လေယာဉ်ပျံမှာ နောက်ပိုင်း Frame-62၊ Frame-71 ညာဘက်ခြမ်း၊ ညာဘက်တံခါးပေါက်၊ Nose Landing Gear, Main Landing Gear နှင့် အိမ်သာ အမှတ်(၂)တို့ ပျက်စီးပြီးတော့ တိုက်တဲ့လေယာဉ်ရဲ့ Radome တစ်ခုလုံး ပြုတ်ကျသွားတယ်။ ဒါဟာဆိုရင် အတိုက်ခံရတဲ့ လေယာဉ်ပါ။ နောက်ပိုင်း ပျက်သွားတယ်။

အဲဒီတော့ အဲဒီလို တိုက်လိုက်တဲ့အတွက်ကြောင့် ဒါ အင်မတန်ကံကောင်းပါတယ်။ ဒီ လေယာဉ်တွေ တကယ်လို့ ဆီထည့်နေတဲ့အချိန်မျိုးမှာ ဖြစ်လိုက်လို့ရှိရင် လေယာဉ်မီးလောင်မယ်။ မီးလောင်ရင် အဲဒီအနီးအနားမှာရှိတဲ့ ကပ်နေတဲ့ လေယာဉ်တွေ အကုန်လုံးကုန်မှာ၊ ဟုတ်လား။ ဒါကတော့ အသေးစိတ်ကတော့ ဝန်ကြီးဌာနနဲ့ ဒုတိယ ဝန်ကြီးတို့က ပိုသိမှာပါ။ ကျွန်တော်တို့ ကြားတာကတော့ ဒီအပေါ်မှာလည်း Mechanic တွေပါတယ်။ သူတို့ဟာ အချိန်မီ မရပ်နိုင်ဘူး။ ဒါသူတို့ Qualified မဖြစ်လို့လား။ ဘာကြောင့်လဲ။ Tow လုပ်တဲ့ ဝန်ထမ်းကလည်း ဘာကြောင့် ဒီဥစ္စာ ဖြုတ်တဲ့အချိန်မှာ chock တွေ မရှိဘူးလား။ ရပ်တဲ့ system တွေ မရှိဘူးလား။ စနစ်တကျ စသည်ဖြင့်ပေါ့၊ အဲဒါလေးတွေကို စုံစမ်းစစ်ဆေးရေးခုံရုံးက လုပ်နေမှာပါ။ ဒါပေမဲ့ ကျွန်တော်တို့ဟာ စုံစမ်းစစ်ဆေးရေး ခုံရုံးပြီးအောင်ထိ မစောင့်နိုင်တော့ဘူး။ နောက်ထပ်မဖြစ်အောင်တော့ ကျွန်တော်တို့ အများပြည်သူရဲ့ အကျိုး၊ ဘာကြောင့် အများပြည်သူရဲ့ အကျိုးပြောလဲ၊ ဒီလေယာဉ်ပျံတွေက အများပြည်သူပိုက်ဆံနဲ့ ဝယ်ထားတာ၊ ဒေါ်လာ မီလီယံပေါင်းများစွာ လေယာဉ်တစ်စီး တစ်စီးက အမေရိကန်ဒေါ်လာ သန်း(၆၀)၊ သန်း(၈၀)စသည်ဖြင့် အခုဆိုရင် ဒီ လေယာဉ်ပျံ(၂)စီးစလုံးက သုံးမရ ဘူးလို့ ကျွန်တော်တို့ ကြားတာပေါ့လေ။ ဝန်ကြီး၊ ဒုတိယဝန်ကြီးကတော့ ပိုသိမှာပေါ့။

အဲဒီတော့ အဲဒီလိုဖြစ်သွားတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ အများပြည်သူအကျိုးငှာ မေးခွန်း(၂)ခုမေးချင်ပါတယ်။ တစ်ခုကတော့ မင်္ဂလာဒုံ လေယာဉ်ကွင်း လေယာဉ်ရပ်နားရာ APRON တွင် လေယာဉ်စီးခရီးသည်များကို ပို့ဆောင်ပေးသည့် မော်တော်ယာဉ်များ၊ လေယာဉ်တွင် အသုံးပြုသည့် ယာဉ်များအား ၎င်းတို့သီးခြားသွားရန် သတ်မှတ်ထားသည့် လမ်းကြောင်းများ ရှိ၊ မရှိ။ သတ်မှတ်လမ်းကြောင်းများအတိုင်း မောင်းနှင်ကြရန် မည်ကဲ့သို့ ကြပ်မတ်လျက်ရှိကြောင်း။ ကျွန်တော် အဲဒီမေးခွန်းမေးရတဲ့ အကြောင်းအရင်းကတော့ နိုင်ငံတကာမှာ

ဆိုလို့ရှိရင်တော့ ဒီ ခရီးသည်နားနေရာ အဆောင်ကနေပြီးတော့ လေယာဉ်သွားပို့တဲ့အခါမှာ ကားနဲ့ သွားတယ်ဆိုလို့ရှိရင် ကားလမ်းကြောင်းလေး လုပ်ထားတယ်။ ဒီလေယာဉ်နီးပေမယ့် ဖြတ်သွားလို့ မရဘူး။ ကျွန်တော်တို့ ပတ်ပြီးတော့ သူရဲ့လမ်းကြောင်းအတိုင်းသွားရတယ်။ သွားပြီးမှ ရပ်ရတယ်။ ဒီမှာတော့ လုပ်ထားချင်လည်း လုပ်ထားမယ်။ ဒါပေမဲ့ တစ်နေ့က ကျွန်တော့်ကိုယ်တွေ့ပါ၊ မနက်ကြီး ပြန်လာတဲ့အခါမှာ အဲဒီယာဉ်မောင်းကတော့ လေယာဉ်ပျံတွေကြားထဲက ဖြတ်သွားတယ်။ ကျွန်တော်ပါတယ်။ ဖြတ်သွားပြီးတော့ သူက မြန်မာ့လေကြောင်း ရှာမတွေ့ဘူး။ သူ ရှာမတွေ့တော့ လျှောက်ပတ်ပြီးတော့ ရှာနေတယ်သူက၊ အင်မတန်မှ ကျွန်တော်က ရင်တထိတ်ထိတ်နဲ့ဟာ ဘယ်အချိန်တိုက်တော့မှာလဲ မသိဘူး။ အဲဒီအချိန်လေးမှာ ကျွန်တော်ပါတဲ့အချိန်မှာ ဖြစ်တာတော့ ဒါ အမှန်တရားပဲ။ အဲဒါကြောင့်မို့လို့ ဒီဟာ အင်မတန်မှ အန္တရာယ်ကြီးတယ်။ အဲဒီယာဉ်မောင်းက သွားရမှာတော့ သတ်မှတ်ထားတဲ့ လမ်းကြောင်းအတိုင်းသွားပြီးတော့၊ ပတ်ပြီးတော့ သူရှာရမယ်။ ရှာပြီးတော့ မတွေ့လည်း နောက်တစ်ပတ် ပတ်ရမယ်။ မဟုတ်ဘူး။ သူက ကြားထဲက လျှောက်သွားပြီး နောက်ဆုံးတွေ့ပြီ ဆိုပြီးတော့ ရပ်လိုက်တယ်ဆိုတော့ ဒါ အင်မတန်မှ အန္တရာယ်ကြီးတဲ့အတွက်ကြောင့် ကျွန်တော်အနေနဲ့ ဒီပထမ မေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။

ဒုတိယမေးခွန်းကတော့ မြန်မာနိုင်ငံမှာရှိတဲ့ အထူးသဖြင့် မင်္ဂလာဒုံလေယာဉ်ကွင်း ရပ်နားရာ APRON ၌ မြေပြင်တွင် လေယာဉ်မတော်တဆမှု Ground Accident ထပ်မံ မဖြစ်ပွားရန် အတွက် သက်ဆိုင်ရာမှ မည်ကဲ့သို့ ကြိုးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိလိုပါကြောင်း အများပြည်သူအကျိုးငှာ ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

၁၄-၄-၂၀၁၄ ရက်နေ့က မင်္ဂလာဒုံလေယာဉ်ကွင်းတွင် လေယာဉ်နှစ်စီး မြေပြင်တွင် တိုက်ခိုက်မိသည့်ပုံ ( င )



၁၄-၄-၂၀၁၄ ရက်နေ့က မင်္ဂလာဒုံလေယာဉ်ကွင်းတွင် လေယာဉ်နှစ်စီး
မြေပြင်တွင် တိုက်ခိုက်မိသည့်ပုံ ( ၀-၁ )




**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဦးဇင်ယော် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင် ရဲ့ မေးခွန်းများကို ပေါင်းပြီး ဖြေကြားမှာ ဖြစ်ပါတယ်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှာ လေယာဉ်ရပ်နားရန်အတွက် အလျား(၂၆၀၀)ပေ၊ အကျယ်(၆၀၀)ပေ ရှိပါတယ်။ သတ်မှတ်ချက်အရ လေယာဉ်အကြီး၊ အသေးစုစုပေါင်း(၁၆)စီး ရပ်နားနိုင်ပါတယ်။ ဒါပေမဲ့ လေဆိပ်မှာ အခြေပြုပြေးဆွဲတဲ့ ပြည်တွင်း/ပြည်ပလေကြောင်းလိုင်း (၉)ခု၊ Air Myanmar Aviation နဲ့ ရေနံကုမ္ပဏီများမှ လေယာဉ်၊ ရဟတ်ယာဉ်များ အပါအဝင် လေယာဉ်၊ ရဟတ်ယာဉ် အကြီး၊ အသေး(၅၄)စီး ရပ်နားပြီး APRON ပေါ်မှာ ညပိုင်းမှာ (၂၉)စီးကနေ (၃၂)စီးခန့် သတ်မှတ်ချက်ထက် (၂)ဆ ညအိပ် ရပ်နားနေရသဖြင့် လေယာဉ်များ ရှေ့၊ နောက်ရပ်နားခွင့်ပြုပေးနေရပါတယ်။ လေယာဉ်ကွင်းလက်ဆွဲ Aerodrome Manual သတ်မှတ်ချက်အရ လေယာဉ်ကြီး ရပ်နားရန်နေရာမှာ အကျယ်(၂၁၃)ပေ၊ အရှည်(၃၀၂)ပေနဲ့ ဧရိယာလေယာဉ်ကဲ့သို့ လေယာဉ်အသေး များအတွက် ရပ်နားရန် အကျယ်(၉၅)ပေနဲ့ အကျယ်(၁၁၈)ပေ လိုအပ်ပါတယ်။ APRON ပေါ်မှာ

လေယာဉ် အကြီးအသေး ရောထွေး၍ အသုံးပြုခြင်း၊ နှစ်ထပ်ရပ်တန့်ခြင်းတို့ကြောင့် မြေပြင်သုံးယာဉ်များဟာ သတ်မှတ်လမ်းကြောင်းများရှိသော်လည်း လမ်းကြောင်းအတိုင်းသွားနိုင်ခြင်း မရှိပါဘူး။

သို့ရာတွင် အပြည်ပြည်ဆိုင်ရာ လေကြောင်းအဖွဲ့ချုပ်ရဲ့ နောက်ဆက်တွဲပါ သတ်မှတ်ချက်များနှင့်အညီ မြေပြင်ဘေးအန္တရာယ်ကင်းရှင်းရန်အတွက် အောက်ဖော်ပြပါ အကွာအဝေးများအတိုင်း ဆောင်ရွက်နိုင်ရေးအတွက် ယာဉ်မောင်းသူများအားလုံးကို လေကြောင်းပညာသိပ္ပံကျောင်းမှာ Air Side Driving Rules သင်တန်းများ တက်ရောက်အောင်မြင်စေပြီးမှ APRON ဒရိုင်ဘာ လိုင်စင်များ ထုတ်ယူပြီး မောင်းနှင်ခွင့်ပြုထားပါတယ်။ လက်ရှိလေယာဉ်ရပ်နားရန်အတွက် သတ်မှတ်အကွာအဝေးနဲ့ ရှိနေတဲ့ အနေအထားကတော့ Wing Tip to Tip Clearance လို့ခေါ်တဲ့ တောင်ပံတစ်ဖက်ထိပ်နဲ့ တစ်ဖက်ထိပ် အကွာအဝေးဟာ သတ်မှတ်(၇.၅)မီတာ ကွာဝေးရမှာ ဖြစ်သော်လည်း လက်ရှိ (၄.၅) မီတာ အကွာအဝေးနဲ့ ရပ်နားစေရပါတယ်။

လေယာဉ်အင်ဂျင်ရဲ့နောက်မှာ (၁၈)မီတာအကွာအဝေး သတ်မှတ်ထားပေမယ့် (၁၅)မီတာ အကွာအဝေးသာ ဆောင်ရွက်လျက်ရှိပါတယ်။ Apron Taxi Lane to Object လေယာဉ်ကွင်းမှာ ရှိနေတဲ့ လေယာဉ်ဆွဲလမ်းနဲ့ ယာဉ်နဲ့ဆိုရင် (၄၂.၅)မီတာ ကွာဝေးရမယ်လို့ သတ်မှတ်ထားသော်လည်း (၃၀)မီတာ အကွာအဝေးတိုင်းပဲ ဆောင်ရွက်နိုင်ပါတယ်။ ယာဉ်များမောင်းနှင်ခြင်း သတ်မှတ်ချက် အကွာအဝေးကတော့ တောင်ပံထိပ်မှာ (၅) မီတာ၊ အင်ဂျင်ရဲ့ရှေ့မှာ (၈)မီတာနဲ့ ဆီဖြည့်လို့ရှိရင် (၁၅)မီတာအကွာအဝေးက ဖြည့်ရပါတယ်။ ဒီအကွာအဝေးကိုတော့ သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပေးနိုင်ပါတယ်။

အထက်ဖော်ပြပါ သတ်မှတ်ချက်အတိုင်း လေယာဉ်များရပ်နားခြင်း၊ ယာဉ်များမောင်းနှင်ခြင်း ရှိ/မရှိ နဲ့ သတ်မှတ်မိုင်နှုန်းအတွင်း မောင်းနှင်ခြင်း ရှိ/မရှိတို့ကို စစ်ဆေးရန်အတွက် (Apron Management Team) များ ဖွဲ့စည်းပြီးတော့ (DCA) နဲ့ သက်ဆိုင်ရာ လေကြောင်းလိုင်းများ ပါဝင်ပြီးတော့ ကြပ်မတ်ဆောင်ရွက်လျက် ရှိပါတယ်။ ထို့အပြင် လက်ရှိလေယာဉ်ရပ်နားရာ ကန့်သတ်ချက်အရ အသုံးပြုပျံသန်းပြေးဆွဲခြင်းမပြုတဲ့ လေကြောင်းလိုင်းက လေယာဉ်တွေကို နေရာရွှေ့ပြောင်းခြင်းနဲ့ လေယာဉ်ရပ်နားရာနေရာအသစ် (၁၃၅၀) ပေအရှည် (၄၀၀) ပေအကျယ်ကို တိုးချဲ့ပြီး ပြောင်းရွှေ့ရပ်နားစေခဲ့ပါတယ်။ အသစ်ထပ်မံဖွင့်လှစ်မယ့် ပြည်တွင်းလေကြောင်းလိုင်းများကို မန္တလေးနဲ့ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်များမှာ အခြေပြုပျံသန်းပြေးဆွဲရန် စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။

မန်းရတနာပုံလေကြောင်းလိုင်းဟာ ယခုနှစ် အောက်တိုဘာလကစပြီး မန္တလေးလေဆိပ်ကို ပြောင်းရွှေ့ပြေးဆွဲမှာ ဖြစ်ပြီးတော့ နောင်အသစ်ဝင်လာမယ့် Apex FMI လေကြောင်းလိုင်းဟာလည်းပဲ နေပြည်တော်လေဆိပ်မှာ အခြေပြုဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်း ၁၄-၄-၂၀၁၄ ရက်နေ့မှာ ဖြစ်ပေါ်ခဲ့တဲ့ ရွှေမြန်မာလေကြောင်းနဲ့ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းတို့ရဲ့ လေယာဉ်မတော်တဆဖြစ်စဉ်မှာ ရွှေမြန်မာလေကြောင်းလေယာဉ်ကို ဆွဲတဲ့ အခါမှာ Tow Bar Pin မဖြုတ်မီ Chock မခုခြင်း၊ Chock ခုရန် တာဝန်ကျသူကလည်း အန္တရာယ်ဇုန်အတွင်းမှာရှိနေတဲ့ Tractor ဟာ လေယာဉ်အင်ဂျင်နဲ့ မတိုက်မိစေရန် အမြန်မောင်းထွက်ရသဖြင့် လေယာဉ် စလိုမ့်စဉ်မှာ Chock မခုနိုင်ခြင်းဟာ အဓိက အကြောင်းရင်းဖြစ်ပါတယ်။

ရွှေမြန်မာလေယာဉ်ပေါ်မှာ လိုက်ပါလာတဲ့ Mechanic ဟာ Parking Brake ကို On ထားပါတယ်။ ဒါပေမဲ့ ဘရိတ်မမိတဲ့အခါမှာတော့ Hydraulic Pressure ပြန်လည် ရရှိစေရန်အတွက် Yellow Electrical Pump ဆိုတဲ့ Electrical Pump တစ်ခုကို မဖွင့်မိခဲ့တာဟာလည်း လေယာဉ်ပေါ်မှာ တာဝန်ကျသူနဲ့ မြေပြင်ပေါ်တာဝန်ကျသူတို့၏ Procedure များအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် ကျွမ်းကျင်မှုမရှိခြင်းတို့ကြောင့် ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ပါတယ်။ ဖြည့်စွက်တင်ပြလိုတာကတော့ သက်ဆိုင်ရာ လေကြောင်းလိုင်းများဟာ အာမခံကုမ္ပဏီမှာ Third Party အနေနဲ့ အာမခံများထားတဲ့အတွက် ရွှေမြန်မာလေကြောင်းလိုင်းရော၊ အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းလိုင်းမှာ အာမခံ ကုမ္ပဏီများမှာ လျော်ကြေးများရရှိပြီး လေယာဉ်ပျံများကို ဖျက်သိမ်းပြီး ပြုပြင်ခြင်းများ အခုလက်ရှိမှာ ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင် ၏ မြန်မာနိုင်ငံရှိ လေယာဉ်ကွင်းများ အထူးသဖြင့် မင်္ဂလာဒုံလေယာဉ်ကွင်း လေယာဉ်ရပ်နားရာ Apron များတွင် လေယာဉ်များပျက်ကျနေပြီး မြေပြင်မတော်တဆ ထိခိုက်မှုများ Ground Accident ဖြစ်လျက်ရှိနေပါသဖြင့် မြေပြင်မတော်တဆ ထိခိုက်မှုများ ဖြစ်ပေါ်စေမှု မရှိစေရန် မည်ကဲ့သို့အစီအမံများချမှတ် ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ လေကြောင်းလိုင်းများနှင့် မြေပြင်ဝန်ဆောင်မှုအဖွဲ့အစည်းများအား လက်စွဲစာစောင်နှင့်လုပ်ထုံး လုပ်နည်းများပါ သတ်မှတ်ချက်အတိုင်း မွမ်းမံသင်တန်းများပို့ချခြင်း တိတိကျကျလိုက်နာဆောင်ရွက်သွားနိုင်ရန် အတွက် ညွှန်ကြားချက် ထုတ်ပြန်ခြင်း၊ Apron Management Team ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်း၍ ကြီးကြပ်ခြင်း၊ Apron အသစ်နေရာများသို့ လေယာဉ်များရွှေ့ပြောင်းခြင်းတို့ဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေရှင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မြန်မာ့ကျောက်မျက်ရတနာ မြေများမှ ထွက်ရှိသော ကမ္ဘာ့မှတ်တမ်းဝင် ရှားပါးကျောက်မျက် ရတနာ၊ တွင်းထွက်ရတနာများနှင့် စပ်လျဉ်း၍ သိရှိလိုသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်ထွန်း က မြန်မာ့ကျောက်မျက်ရတနာ မြေများမှ ထွက်ရှိသော ကမ္ဘာ့မှတ်တမ်းဝင် ရှားပါးကျောက်မျက်ရတနာ၊ တွင်းထွက်ရတနာများနဲ့ စပ်လျဉ်း၍ သိရှိလိုတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်ထွန်း (တပ်မတော်သား ကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်ပညာရှင်များနဲ့ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တန်းဝင်အမှတ် ကြည်း - ၂၉၃၇၂ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်ထွန်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် မေးမြန်းတင်ပြမယ့်မေးခွန်းကတော့

မြန်မာ့ကျောက်မျက်ရတနာ မြေများမှ ထွက်ရှိတဲ့ ကမ္ဘာ့မှတ်တမ်းဝင် ကျောက်မျက်ရတနာများ၊ ရှားပါး တွင်းထွက်ရတနာများနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းမေးမြန်းရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ ကျွန်တော်တို့ နိုင်ငံကသာ ထွက်ရှိပြီးတော့ ကမ္ဘာ့မှတ်တမ်းဝင် ရှားပါး ကျောက်မျက်ရတနာတွေနဲ့ ရှားပါးတွင်းထွက်ရတနာတွေအကြောင်း သိရှိပြီးတော့ မိမိနိုင်ငံအတွက် ဂုဏ်ယူတတ်စေဖို့နဲ့ နိုင်ငံတော်ရဲ့ သဘာဝတွင်းထွက် ကျောက်မျက်ရတနာ သယံဇာတတွေကို ကျွန်တော်တို့ရဲ့ နောင်အနာဂတ် သားစဉ်မြေးဆက်တိုင်အောင် အသုံးပြုနိုင်စေဖို့ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီးတော့ ဒီမေးခွန်းကို မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ရှေးပဝေသဏီ ကာလက နေပြီးတော့ ယခုမျက်မှောက်ကာလအထိ သဘာဝကျောက်မျက်သယံဇာတ အများအပြား ထွက်ရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာရှိတဲ့ မိုးကုတ်ရတနာမြေ၊ ကချင်ပြည်နယ်မှာ ရှိတဲ့ ဖားကန့်ရတနာမြေ၊ ရှမ်းပြည်နယ်မှာရှိတဲ့ မိုင်းရှူးရတနာမြေ စတဲ့ ဒေသတွေဟာ ထင်ရှားတဲ့ မြန်မာ့ ကျောက်မျက်ရတနာမြေများ ဖြစ်ပါတယ်။ ဒီမြန်မာ့ကျောက်မျက်ရတနာမြေများက နေပြီးတော့ ကျောက်မျက်ရတနာမျိုးစုံနဲ့ ရှားပါးတွင်းထွက် ရတနာအများအပြား ထွက်ရှိကြောင်း တွေ့ရှိရပါတယ်။ အထူးသဖြင့် တန်ဖိုးကြီးကျောက်မျက်ရတနာတွေဖြစ်တဲ့ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း စတဲ့ ကျောက်မျက်ရတနာတွေ တန်ဖိုးနည်း ကျောက်မျက်ရတနာတွေ ဖြစ်တဲ့ ပြောင်ခေါင်းစိမ်း၊ အညှံ့ပန်း စတဲ့ တွင်းထွက်ရတနာတွေ ရှားပါးကျောက်မျက်ရတနာတွေဖြစ်တဲ့ ပိန်းနိုက်၊ ဂျိုဟာချီဒိုလိုက်၊ ဟမ်ဘာဂိုက် စတဲ့ ကျောက်မျက်ရတနာတွေဟာဆိုရင် မိုးကုတ်ရတနာမြေက အများဆုံး ထွက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ချို့သော ကျောက်မျက်နဲ့ တွင်းထွက်ရတနာတွေဟာဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံမှာသာ တွေ့ရှိရပြီးတော့ ကမ္ဘာ့မှတ်တမ်းဝင်ထားတဲ့ ရှားပါးကျောက်မျက်ရတနာ မြေများ ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ဥပမာအနေနဲ့ တင်ပြရမယ်ဆိုလို့ရှိရင် ပိန်းနိုက်လို့ ခေါ်တဲ့ ကျောက်မျက်ရတနာဟာ ၁၉၅၆ ခုနှစ်ကနေပြီးတော့ ၂၀၀၄ ခုနှစ်အထိ ကမ္ဘာပေါ်မှာ (၄) ပွင့် သာ တွေ့ရှိရပြီးတော့ မိုးကုတ်ရတနာမြေက ထွက်ရှိကြောင်း သိရှိရပါတယ်။ ပိန်းနိုက် ဆိုတဲ့ ရှားပါး ကျောက်မျက်ဟာ ဒီနေ့အထိ ထောင်ဂဏန်းမျှသာ တွေ့ရှိရပြီးတော့ ကျွန်တော်တို့နိုင်ငံမှာသာ ထွက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ရှားပါးတွင်းထွက်တစ်မျိုးဖြစ်တဲ့ မော်စစ်စစ် ကျောက်မျက် ရတနာဟာဆိုရင်လည်း ကျွန်တော်တို့ ကချင်ပြည်နယ်၊ ဖားကန့်ရတနာမြေမှာသာ ထွက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံက ထွက်ရှိခဲ့တဲ့ နဝတပတ္တမြား ကမ္ဘာ့အကြီးဆုံးနီလာ ပုံဆောင်ခဲအရိုင်းကြီးနဲ့ တန်ချိန် (၃၃) ကျောက်စိမ်းအရိုင်းတုံးကြီး စတဲ့ အဖိုးတန် ကျောက်မျက် ရတနာတွေကို National Treasures လို့ခေါ်တဲ့ အမျိုးသားရတနာများအဖြစ် ရန်ကုန်တိုင်း ဒေသကြီးမှာရှိတဲ့ ကမ္ဘာအေးကျောက်မျက်ရတနာပြတိုက်မှာ ပြသထားတာဟာဆိုရင် ကျွန်တော်တို့ နိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာ ပြယုဂ် တစ်ခု ဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ကျွန်တော်တို့ နိုင်ငံက ထွက်ရှိတဲ့ ကျောက်မျက်ရတနာတွေနဲ့ ရှားပါးတွင်းထွက်တွေကိုလည်း အမျိုးသားရတနာများအဖြစ်

ကျောက်မျက်တွေမှာ စနစ်တကျ စုဆောင်းပြသဖို့ လိုအပ်တယ်လို့ ကျွန်တော်အနေနဲ့ ယူဆမိပါတယ်ခင်ဗျား။ ကျောက်မျက်ပြတိုက်တွေမှာ ကျောက်မျက်ရတနာမျိုးစုံနဲ့ ရှားပါးတွင်းထွက် ရတနာတွေကို စုဆောင်းပြသထားနိုင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ပြည်သူတွေ ကျောက်မျက်ပညာရှင်တွေနဲ့ ကမ္ဘာလှည့်ခရီးသွားတွေ လာရောက်လေ့လာနိုင်ပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို များစွာအထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာ့ကျောက်မျက်ရတနာမြေမှ ထွက်ရှိတဲ့ ကျောက်မျက်ရတနာတွေနဲ့ ရှားပါးတွင်းထွက်ရတနာတွေကို စနစ်တကျ ခွဲခြားစိတ်ဖြာ လေ့လာနိုင်စေဖို့နဲ့ သုတေသနလုပ်ငန်းတွေမှာ ဆောင်ရွက်နိုင်စေဖို့အတွက် ကမ္ဘာ့အဆင့်မီ ကျောက်မျက်ရတနာ စစ်ဆေးတဲ့ ဓာတ်ခွဲခန်းတစ်ခု တည်ဆောက်အသုံးပြုနိုင်ရေးကိုလည်း နိုင်ငံတော်က စီမံဆောင်ရွက်ပေးဖို့ လိုအပ်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆမိပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မြန်မာ့ကျောက်မျက်ရတနာမြေများ၊ မြန်မာ့ကျောက်မျက်ရတနာများ၊ ရှားပါးတွင်းထွက်ရတနာများနဲ့ စပ်လျဉ်းတဲ့ မေးခွန်း (၃)ခု မေးမြန်းတင်ပြလိုပါတယ်ခင်ဗျား။

ပထမမေးခွန်းကတော့ ကမ္ဘာ့မှတ်တမ်းဝင်ထားတဲ့ ရှားပါးကျောက်မျက်ရတနာအမျိုးအစားများနဲ့ မြန်မာနိုင်ငံမှာသာတွေ့ရှိရတဲ့ ရှားပါးတွင်းထွက်ရတနာအမျိုးအစား မည်ရွေ့မည်မျှ ရှိသည်ကို ခွဲခြားဖော်ပြပေးရန် အစီအစဉ်ရှိ/မရှိ။ ဒုတိယမေးခွန်းကတော့ မြန်မာနိုင်ငံက ထွက်ရှိတဲ့ ကျောက်မျက်ရတနာတွေနဲ့ ရှားပါးတွင်းထွက်ရတနာ အမျိုးအစားတွေကို အမျိုးသားရတနာများအဖြစ် ကျောက်မျက်ပြတိုက်တွေမှာ စုဆောင်းပြသရန် စီစဉ်ဆောင်ရွက်ထားခြင်း ရှိ/မရှိ တတိယမေးခွန်းကတော့ မြန်မာ့ကျောက်မျက်ရတနာများနဲ့ ရှားပါးတွင်းထွက် ရတနာတွေကို စနစ်တကျ ခွဲခြားစိတ်ဖြာ လေ့လာနိုင်စေဖို့နဲ့ သုတေသနလုပ်ငန်းတွေမှာ ဆောင်ရွက်နိုင်စေဖို့အတွက် ကမ္ဘာ့အဆင့်မီ ကျောက်မျက်ရတနာ စစ်ဆေးတဲ့ ဓာတ်ခွဲခန်းတစ်ခု တည်ဆောက်ဖွင့်လှစ်ပေးသွားရန် အစီအစဉ်ရှိ/မရှိ စတဲ့မေးခွန်း(၃)ခုကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၀။**

**ဦးသန်းထွန်းအောင် (ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဒုတိယဝန်ကြီးများနဲ့ ဧည့်သည်တော်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင် ဖြစ်ပါတယ်။ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်ထွန်း ရဲ့ မြန်မာ့ကျောက်မျက်ရတနာမြေများမှ

ထွက်ရှိသော ကျောက်မျက်ရတနာများ၊ ရှားပါးတွင်းထွက် ရတနာများနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ရဲ့ကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မေးခွန်း(က)ကို ပထမ ကျွန်တော် ဖြေကြားပါမယ်။ ကမ္ဘာ့မှတ်တမ်း ဝင်ထားသော ရှားပါးကျောက်မျက်ရတနာ အမျိုးအစားများနှင့် မြန်မာနိုင်ငံ၌သာ တွေ့ရှိရသော ရှားပါးတွင်းထွက်ရတနာအမျိုးအစားများ မည်မျှရှိသည်ကို ခွဲခြားဖော်ပြပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။ ကမ္ဘာ့မှတ်တမ်းဝင်ထားသော ရှားပါးတွင်းထွက် အမျိုးအစားများမှာ ၂၀၀၆ ခုနှစ်မှ အင်္ဂလန်နိုင်ငံမှ ထုတ်ဝေတဲ့ Gems (Sixth Edition) Edited By Michael O'Donoghue ရဲ့စာအုပ်မှာ အမျိုးအစား (၂၀၀) ကျော်ရှိကြောင်း ဖော်ပြထားပြီး မြန်မာနိုင်ငံမှာ တွင်းထွက်ရတနာတန်းဝင် ရှားပါးကျောက်မျက်ရတနာ အမျိုးအစား (၄၆) မျိုး ထွက်ရှိပါတယ်ခင်ဗျား။ မေးခွန်း (ခ) ကို ဆက်လက်ဖြေကြားခွင့်ပြုပါခင်ဗျား။ မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်မျက် ရတနာများနှင့် ရှားပါးတွင်းထွက်ရတနာအမျိုးအစားများအား အမျိုးသား ရတနာများ National Treasures အဖြစ် နေပြည်တော် ကျောက်မျက်ရတနာပြတိုက်နဲ့ ကမ္ဘာအေး ကျောက်မျက်ရတနာ ပြတိုက်များမှာ စုဆောင်းပြသရန် စီစဉ်ဆောင်ရွက်ထားခြင်း ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်မျက် ရတနာများနည်းတူ စုဆောင်းထားရှိသော ရှားပါးတွင်းထွက်ရတနာအမျိုးအစားများကို မြန်မာ့ ကျောက်မျက်ရတနာပြတိုက် နေပြည်တော်တွင် (၂၉) ခုနဲ့ မြန်မာ့ကျောက်မျက်ရတနာပြတိုက် ရန်ကုန် တွင် (၁၅) ခု အမျိုးသားရတနာများ National Treasures အဖြစ် စုဆောင်းပြသထားပါတယ်။ မြန်မာနိုင်ငံမှသာထွက်ရှိတဲ့ ပိန်းနိုက်နဲ့ မှော်စစ်စစ်တို့ကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့ရှိ ကျောက်မျက်ရတနာပြတိုက်များမှာ ခင်းကျင်းပြသထားပါတယ် ခင်ဗျား။

ဒီနေရာမှာ အလျဉ်းသင့်လို့ ပိန်းနိုက်အကြောင်းနဲ့ မှော်စစ်စစ်တို့အကြောင်း အကျဉ်းပြတင်ပြပါရစေခင်ဗျား။ မှော်စစ်စစ်ကျောက်ဟာ ကျောက်စိမ်းဂျင်းနိုက်ဂျိတ်နဲ့ ဆင်ဆင်တူတဲ့ ကျောက်တစ်မျိုးဖြစ်ပါတယ်။ ခရိုမီယမ် ကြွယ်ဝတဲ့ အစိမ်းရောင်ကျောက် ဖြစ်ပါတယ်ခင်ဗျား။ အစိမ်းရင့်ရောင်မှာ အမည်းရင့်ရောင်နဲ့အဖြူရောင် အကြော အစက်အပြောက်လေးတွေ ပါရှိပါတယ်။ ကချင်ပြည်နယ် လုံးခင်း၊ ဖားကန့်ဒေသ မှော်စီစီမှော်မှ စတင်တွေ့ရှိခဲ့တာ အစွဲပြုပြီး အမည်ပေးခဲ့ခြင်းဖြစ်ပါတယ်ခင်ဗျား။ ပိန်းနိုက်ကျောက်နဲ့ပတ်သတ်ပြီးတော့ ကျွန်တော်တို့ ဆက်လက်ပြီးတော့ တင်ပြပါမယ်။ နီညိုရောင်ရှိတဲ့ ကျောက်မျက်တစ်မျိုးဖြစ်ပါတယ်။ ၁၉၅၀ ခုနှစ်မှာ မိုးကုတ်ဒေသမှာ ကျောက်မျက်ပညာရှင် အေစီဒီ မစ္စတာပိန်းက စတင်တွေ့ရှိခဲ့ပါတယ်။ စတင်တွေ့ရှိခဲ့သူ မစ္စတာ ပိန်းကို အစွဲပြုပြီးတော့မှ ပိန်းနိုက် ကျောက်လို့ အမည်ပေးခဲ့ခြင်း ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ဒီကျောက်မျက်ရတနာများနဲ့ ပတ်သက်ပြီးတော့လည်း အများပြည်သူကြည့်ရှုလေ့လာနိုင်ဖို့အတွက် မြန်မာ့ကျောက်မျက်ရတနာပြတိုက် နေပြည်တော်နဲ့ မြန်မာ့ကျောက်မျက်ရတနာပြတိုက် ရန်ကုန်တို့မှာ အများပြည်သူ ကြည့်ရှုလေ့လာနိုင်အောင် ဖွင့်လှစ်ထားပါတယ်။ နိုင်ငံသားများကို ဝင်ကြေး လူကြီး (၁၀၀၀) ကျပ် ကလေး (၅၀၀) ကျပ်နဲ့ ဝင်ခွင့်ပြုပြီးတော့ နိုင်ငံခြားသားများကိုတော့ အမေရိကန် (၅)ဒေါ်လာနဲ့ညီမျှသော မြန်မာကျပ်ငွေနဲ့ ဝင်ခွင့်ပြုပါတယ်။ ဖွင့်ရက်များကတော့ အများ

ပြည်သူ ကြည့်ရှုနိုင်ရန် ရုံးဖွင့်ရက်များတွင် ဖွင့်လှစ်ထားပြီး ပိတ်ရက်အဖြစ်ကတော့ တနင်္လာနေ့မှာ ပိတ်ရက်သတ်မှတ်ပါတယ်။ အများပြည်သူရုံးပိတ်ရက်များကို ပိတ်ရက်အဖြစ် သတ်မှတ်ပါတယ်။ မနက် (၉)နာရီခွဲကနေပြီးတော့ ညနေ(၄)နာရီခွဲအချိန်ထိတောင် ဖွင့်လှစ်ပြသလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

တတိယမေးခွန်းကို ဆက်လက်ဖြေကြားပါမယ်ခင်ဗျား။ မြန်မာ့ကျောက်မျက်ရတနာများနဲ့ ရှားပါးကျောက်မျက်ရတနာများကို စနစ်တကျ ခွဲခြားစိတ်ဖြာလေ့လာဖို့နဲ့ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်စေဖို့အတွက် ကမ္ဘာ့အဆင့်မီ ကျောက်မျက်ရတနာစစ်ဆေးသည့် ဓာတ်ခွဲခန်းတစ်ခု တည်ဆောက်ဖွင့်လှစ်ရန် စီမံဆောင်ရွက်ထားခြင်းရှိ/မရှိ မေးခွန်းဖြစ်ပါတယ်ခင်ဗျား။

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရှိ သုတေသနဌာနက ကျောက်မျက်ရတနာများကို စနစ်တကျ စမ်းသပ်စစ်ဆေးလျက်ရှိပါတယ်။ ကမ္ဘာ့အဆင့်မီ ခေတ်မီ ဓာတ်ခွဲခန်းတစ်ခု ဖြစ်လာစေဖို့ အဆင့်မြင့်ကျောက်မျက် ဓာတ်ခွဲခန်းသုံးပစ္စည်းများ ဖြည့်တင်း စီမံဆောင်ရွက်လျက်လည်းရှိပါတယ်။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်း အသင်းချုပ်ကလည်း ကမ္ဘာ့အဆင့်မီ ခေတ်မီ အဆင့်မြင့် ကျောက်မျက်ဓာတ်ခွဲခန်းတစ်ခု ဖွင့်လှစ်ဖို့အတွက် အဆင့်မြင့်ဓာတ်ခွဲခန်းသုံး ပစ္စည်းများ အစုံအလင် ဝယ်ယူဖြည့်တင်းထားပြီးလည်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ် (၆၈) ရှိ Gems Emporium Hall မှာ ကမ္ဘာ့အဆင့်မီ ကျောက်မျက်ဓာတ်ခွဲခန်း တစ်ခုကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလမှာ တည်ထောင် ဖွင့်လှစ်သွားရေးအတွက်ကို စီမံဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းတွေဟာ အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဟုမ္မလင်းမြို့၊ ဘောလုံးပွဲ ပွဲကြည့်စင်နှင့် ဂိုးအမှတ်ပေးဇယား ပြုလုပ်ရန်အတွက် ရန်ပုံငွေခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချစ်လွင်က ဟုမ္မလင်းမြို့၊ ဘောလုံးပွဲ ပွဲကြည့်စင်နှင့် ဂိုးအမှတ်ပေးဇယား ပြုလုပ်ရန်အတွက် ရန်ပုံငွေခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်လာတဲ့ ဒုတိယဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ

ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချစ်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟုမ္မလင်းမြို့နယ်၊ ဘောလုံးပွဲ ပွဲကြည့်စင်နှင့် ဂိုးအမှတ်ပေးဇယား ပြုလုပ်ရန်အတွက် ရန်ပုံငွေခွဲဝေ ချထားပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်ရဲ့အားကစားဟာ ခန္တီးခရိုင်ရဲ့ အားထားရတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ရွှက်ပုန်းသီး အားကစားသမားများ မွေးထုတ်ပေးတဲ့ မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ ဟုမ္မလင်းမြို့ရဲ့ အားကစား ပြိုင်ပွဲများကို ကြည့်မယ်ဆိုလို့ရှိရင် နိုင်ငံတော်ရဲ့ နေ့ထူးနေ့မြတ်များဖြစ်တဲ့ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့တွေမှာ ဘောလုံးပွဲ၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ် စတဲ့ ပြိုင်ပွဲများကို ပြုလုပ်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် မိုးရာသီမှာ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပွဲနဲ့ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဆောင်းရာသီမှာတော့ စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသား လူမျိုးများ ရေးရာဝန်ကြီးဖလားကို ကျင်းပပြုလုပ်ပေးလေ့ရှိပါတယ်။ ဟုမ္မလင်းမြို့အားကစားကွင်းမှာ စဉ်ဆက် မပြတ် လှုပ်ရှားနေပေမယ့်လည်း ဘောလုံးပွဲ ပွဲကြည့်စင်ဟာ မြို့နယ်အဆင့်မရှိတဲ့အပြင် ဂိုး အမှတ်ပေး ဇယားဟာလည်း မရှိတာကို တွေ့ရှိရ ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဟုမ္မလင်းမြို့နယ်ရဲ့ဘောလုံးကွင်းအခြေအနေကို Slide Show နဲ့တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ဟုမ္မလင်းအားကစားခန်းမနဲ့ မြောက်ဘက်ဂိုး ဖြစ်ပါတယ်။ ဒါကတော့ တောင်ဘက်ဂိုးဖြစ်ပါတယ်။ ဒါကတော့ ခန်းမနဲ့ ကျောက်တိုင်နဲ့ ကစားသမားနဲ့ ဖြစ်ပါတယ်။ ဒီအားကစားကွင်းမှာ ပုံမှန်အားကစားသမားတွေက ဒီလိုပဲ ကွင်းဆင်းပြီးတော့မှ ပြုလုပ်နေတာကို တွေ့ရပါတယ်။ ဒါ တစ်ခေါက်တည်းမဟုတ်ဘဲနဲ့ အရင်အခေါက်တွေမှာလည်း ဒီလိုပဲ ကစားနေကြတာကို လေ့ကျင့်ပြီးလုပ်နေကြတာကို တွေ့ရှိရပါတယ်။ ဒါကတော့ အထူးတန်း ပွဲကြည့်စင် ဖြစ်ပါတယ်။ ဘေးကနေမြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ အထူးတန်းပွဲကြည့်စင်ကို ရှေ့ကနေ တည့်တည့်ရိုက်ထားတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ရိုးရိုးတန်းပွဲကြည့်စင် ရှေ့ကနေမြင်ရတဲ့ပုံစံ ဖြစ်ပါ တယ်။ ဒါကတော့ နောက်ကနေမြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ဘေးကနေမြင်ရတဲ့ ပုံဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဘောလုံးကွင်းမှာ ခုလို ပုံမှန်ကစားနေကြတဲ့ အားကစားသမားများနဲ့ အားကစားဝါသနာရှင်မိဘပြည်သူများရှိလို့သာ ဘောလုံးပွဲများကို ပြုလုပ် နိုင်တာဖြစ်ပါတယ်။ ဒါကြောင့် မိဘပြည်သူများတင်ပြချက်အရ ဘောလုံးပွဲ ပွဲကြည့်စင်နဲ့ ဂိုးအမှတ်ပေး ဇယားပြုလုပ်ပေးရန်အတွက် သက်ဆိုင်ရာမှ ရန်ပုံငွေခွဲဝေ ချထားပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဟုမ္မလင်းမြို့နယ် အားကစားကွင်းရှိ ဘောလုံးကွင်းနေရာ (စ)




ဟုမ္မလင်းမြို့နယ် ဘောလုံးကွင်း အထူးတန်းပွဲကြည့်စင် (စ-၁)



ဟုမ္မလင်းမြို့နယ် ဘောလုံးကွင်း ရိုးရိုးတန်းပွဲကြည့်စင် (စ-၂)



**အခြေခံပညာကျောင်းများကို အခြေခံ၍ နိုင်ငံအနှံ့ပြိုင်ဆိုင်မှု ပြင်းထန်သည့် အားကစားလှုပ်ရှားမှုများ ပေါ်ပေါက်လာစေရေး၊ မြို့နယ်အလိုက် Camp သွင်း လေ့ကျင့်ရေးစခန်းငယ်များ ထူထောင်ပေးနိုင်မှု အခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူး အောင်ကိုမင်း က အခြေခံပညာကျောင်းများကို အခြေခံ၍ နိုင်ငံအနှံ့ပြိုင်ဆိုင်မှု ပြင်းထန်သည့် အားကစားလှုပ်ရှားမှုများ ပေါ်ပေါက်လာစေရေး၊ မြို့နယ်အလိုက် Camp သွင်း လေ့ကျင့်ရေးစခန်းငယ်များ ထူထောင်ပေးနိုင်မှု အခြေအနေကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဗိုလ်မှူးအောင်ကိုမင်း (တပ်မတော်သား ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အဆင့် ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် (ကြည်း)၃၄၀၄၂ ဗိုလ်မှူးအောင်ကိုမင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ အားကစားဝန်ကြီးဌာနကို မေးခွန်းမေးမြန်းလိုတာကတော့ အခြေခံပညာကျောင်း များကို အခြေပြု၍ နိုင်ငံအနှံ့ပြိုင်ဆိုင်မှု ပြင်းထန်သည့် အားကစားလှုပ်ရှားမှုများ ပေါ်ပေါက်လာ စေရေး၊ မြို့နယ်အလိုက် Camp သွင်း လေ့ကျင့်ရေးစခန်းငယ်များ ထူထောင်ပေးနိုင်မှု အခြေအနေကို သိရှိလိုခြင်းနဲ့ စပ်လျဉ်း၍မေးမြန်းသွားမှာဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ မေးခွန်းမေးမြန်းရတဲ့ ရည်ရွယ်ချက်ကတော့ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ အားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်ရေးအတွက် အရည်အချင်း ပြည့်ဝတဲ့ မျိုးဆက်သစ်လူငယ်များစွာ ပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်မေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မေးခွန်း အနည်းငယ်ရှည်သွားခဲ့ရင် ခွင့်ပြုပေးဖို့နှင့် အင်္ဂလိပ်စာအသုံးအနှုန်း ထည့်သွင်းသုံးစွဲခွင့်ပြုဖို့ ကြိုတင်ခွင့်တောင်းခံ အပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်၏မေးခွန်းကို အကြောင်းအရင်း(၅)ချက်အပေါ် အခြေခံတင်ပြလိုပါတယ်။ ပထမအချက်အနေနဲ့ မြို့နယ်အဆင့် အားကစားကွင်း၊ အားကစားရုံများ တည်ဆောက်ပေးရန်နှင့် အားကစားပစ္စည်း၊ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးရေးဖြစ်ပါတယ်။ မြန်မာ့အားကစားမှကမ္ဘာ့အားကစားသို့ ဦးတည်ချီတက်ရာမှာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အဆင့်များသည် အခြေခံအကျဆုံး အားကစားလှုပ်ရှားမှု စတင်သန္ဓေတည်ရာ ဖြစ်ပါတယ်။

အားကစားကွင်း၊ အားကစားရုံ၊ အားကစားပစ္စည်း၊ အထောက်အကူပြုပစ္စည်းများ ပြည့်စုံလုံလောက်မှုရှိခြင်းကလည်း အားကစားအောင်မြင်ရေး၏အဓိကအခြေခံကျတဲ့သော့ချက် ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ (၂၇)ကြိမ်မြောက် SEA Game ပွဲမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့မှာ အားကစားရုံ၊ အားကစားကွင်းအသစ်များ တိုးချဲ့တည်ဆောက်နိုင်ခဲ့ပါတယ်။ ယခုလည်း တောင်ကြီး၊ မော်လမြိုင်နဲ့ အခြားမြို့ကြီးများမှာ အားကစားရုံများ တည်ဆောက်လျက် ရှိပါတယ်။ ဒါတွေဟာ ဝမ်းသာစရာ၊ ဂုဏ်ယူစရာပဲဖြစ်ပါတယ်။ သို့သော်လည်း အခြေခံကျတဲ့ မြို့နယ်တွေမှာ အားကစားရုံ၊ အားကစားကွင်းများ ပြည့်စုံလုံလောက်မှုမရှိခြင်းက အားကစား အောင်မြင်စေရေး နှောင့်နှေးနေရသည့်အကြောင်းရင်းတစ်ရပ် ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိဘဏ္ဍာ ရန်ပုံငွေအခြေအနေကိုလည်း နားလည်သဘောပေါက်ပါတယ်။

သို့သော်လည်း ဖြစ်နိုင်တဲ့ ဘဏ္ဍာရန်ပုံငွေအပေါ် မူတည်ပြီး စဉ်းစားသုံးသပ် အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ အဲဒီလို ဖော်ဆောင်တဲ့နေရာမှာ ကျွန်တော့်အမြင်လေးကို တင်ပြလိုပါတယ်။ ဘောလုံး၊ ဘော်လီဘော၊ ဖူဆယ်၊ ဘတ်စကက်ဘော၊ ဟော်ကီ၊ ကြက်တောင်၊ တင်းနစ်၊ စက်ဘီး၊ ပြေးခုန်ပစ် စတဲ့ ကစားနည်းတွေမှာ မိုးလုံလေလုံ တည်ဆောက်စရာမလိုဘဲနဲ့ မြေကြီးကို ညီအောင်ညှိ ကွင်းပတ်လည်ကင်းလွတ်ဧရိယာမှာ သံဇကာများကာရံပြီး မြေစေးကွင်းများအဖြစ် တည်ဆောက်လျှင် လေ့ကျင့်ရေးကွင်း၊ ကစားကွင်းအဆင့် အသုံးပြုလို့ရနိုင်ပါတယ်။ ငွေကြေးတတ်နိုင်လာတဲ့ အချိန်ကျမှ အုတ်ကွန်ကရစ် လှေကားထစ်ပုံစံ ထိုင်ခုံများ ဝန်းရံထားတဲ့ အမိုးမပါ မြေစေးကွင်းများ၊ ရာဘာကွင်း၊ မြက်ခင်းကွင်းများ တည်ဆောက်ခြင်း၊ အမိုးများမိုးခြင်း ဆက်လက်ဆောင်ရွက်လို့ရပါတယ်။ နောက်တစ်ချက်ကတော့ အားကစားပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးမယ်ဆိုရင် မြို့နယ်တွေမှာ အားကစားလှုပ်ရှားမှုအတွက် များစွာအဆင်ပြေသက်ဝင်နိုင်တယ်လို့ ထင်မြင်ယူဆတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်အနေနဲ့ နည်းစနစ်ပိုင်းနဲ့ သင်ကြားပြသမည့် နည်းပြဆရာ၊ နည်းစနစ်မှူးများ လုံလောက်စွာခန့်ထားပေးနိုင်ရေး တင်ပြလိုပါတယ်။ နည်းစနစ်ပိုင်း တစ်ပြေးညီဖြစ်စေရေး ဆိုလိုတာကတော့ မြို့နယ်၊ ခရိုင်၊ တိုင်းနဲ့ပြည်နယ်မှတစ်ဆင့် နိုင်ငံ့လက်ရွေးစင်ဖြစ်လာမယ့် ကစားသမားများအား အခြေခံမှစ၍ Skill ကျွမ်းကျင်မှု၊ Speed လျှင်မြန်မှု၊ Strength

ကြံ့ခိုင်ခွန်အားကောင်းမှု၊ Stamina သက်လုံကောင်းမှု၊ Suppleness ပျော့ပျောင်းမှု၊ Spirit စိတ်ဓာတ်ကောင်းမှု စတဲ့ အခြေခံမှစပြီးတော့ စနစ်တကျလေ့ကျင့်ပေးနိုင်တဲ့ စနစ်ကို ဆိုလိုပါတယ်။ ပြည်တွင်းနည်းပြဖြင့်သော်လည်းကောင်း၊ နိုင်ငံခြားသားနည်းပြဖြင့်သော်လည်းကောင်း ငှားရမ်း၍ မြို့နယ်ပေါင်း(၃၃၀)ခန့်မှ နည်းစနစ်မှူးလောင်းများကို နည်းပြဆရာဖြစ်သင်တန်း ဖွင့်လှစ်လေ့ကျင့်ပေးပြီး တစ်နိုင်ငံလုံးဖြန့်ခွဲ၍ မြို့နယ်အသီးသီးမှာ တာဝန်ပေးခန့်ထားမယ်ဆိုရင် နောင်တစ်ချိန်မှာ ဖြစ်လာမယ့် လက်ရွေးစင်ကစားသမားများ၏ နည်းစနစ်ပိုင်း တစ်ပြေးညီဖြစ်မယ်လို့ ထင်မြင်ယူဆမိပါတယ်။

အစိုးရ လခစားနည်းစနစ်မှူးများ မခန့်အပ်နိုင်သေးတဲ့ မြို့နယ်တွေမှာလည်း ဝါသနာအရ အခမဲ့သင်ပေးမယ့်သူတွေကို နည်းပြအရည်အသွေးမြှင့်တင်ပေးပြီး အားပေးထောက်ပံ့မှုများ ပြုလုပ်သင့်ပါတယ်။ နောက်တစ်ခုတင်ပြလိုတာကတော့ နိုင်ငံခြားသားနည်းပြငှား၍ နည်းပြဆရာဖြစ်သင်တန်းဖွင့်မည်ဆိုပါက ကစားဟန်နှင့်ပတ်သက်၍ သုံးသပ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ အသင်းတစ်သင်းနှင့်တစ်သင်း ကစားဟန်မတူ ကွဲပြားခြားနားပါတယ်။ ဥပမာ ဘောလုံးကစားနည်းအနေဖြင့် ချယ်ဆီး၊ ဘာစီလိုနာ၊ ဘိုင်ရန်မြူးနစ်၊ ဘရာဇီး စသည်ဖြင့် ကစားဟန် မတူကြပါဘူး။ ကျွန်တော်တို့ နိုင်ငံ လူမျိုးတွေရဲ့ ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ Skill ဦးစားပေးကစားတဲ့ ကစားဟန်ရှိတဲ့ နည်းပြမျိုးကို ငှားရမ်းသင့်တယ်လို့ ထင်မြင်ယူဆမိပါတယ်။ တစ်နိုင်ငံလုံးလွှမ်းခြုံတဲ့ နည်းစနစ်မှူးများ ခန့်အပ်ရာမှာလည်း သက်ဆိုင်ရာဝါသနာပါသည့် အားကစားအမျိုးအစား ရွေးချယ်မှုအတိုင်းသာ ခန့်အပ်သင့်ပါတယ်။ ယူရိုကစားသမားအဟောင်းကို ဘောလီဘောနည်းစနစ်မှူးများ ခန့်အပ်မယ်ဆိုရင် များစွာအခက်အခဲရှိနိုင်ပါတယ်။ ယခုလည်း မြို့နယ်တွေမှာ နည်းစနစ်မှူးတစ်ယောက်လောက်နဲ့ ကစားနည်းမျိုးစုံကို တာဝန်ယူနေကြရတာ ကြားသိနေရပါတယ်။ မြို့နယ်အလိုက် ဒေသခံများအား ဦးစားပေးရွေးချယ်၍ အားကစားတစ်မျိုးချင်းစီအလိုက် နည်းပြဆရာဖြစ်သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးပြီး တစ်နိုင်ငံလုံး လွှမ်းခြုံတဲ့ နည်းစနစ်မှူးများ ခန့်အပ်နိုင်ရေး မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအချက်အနေဖြင့် မြို့နယ်အလိုက် အခြေခံပညာကျောင်းများကို အခြေခံပြု၍ ကျောင်း၊ ရပ်ကွက်၊ ကျေးရွာများတွင် နှစ်လုံးပေါက် Camp သွင်းလေ့ကျင့်ရေးစခန်းငယ်များ ထူထောင်ပေးနိုင်ရေးဖြစ်ပါတယ်။ ဒါကတော့ အခြေခံကျပြီး မရှိမဖြစ်လိုအပ်တဲ့ မျိုးဆက်သစ်လူငယ်တွေ မွေးထုတ်ပေးရာတွင် စနစ်တကျလေ့ကျင့်မှုများဖြင့် ပြိုင်ပွဲအဆင့်ဆင့် ဖြတ်ကျော်၍ အရည်အချင်းပြည့်ဝတဲ့ နိုင်ငံ့လက်ရွေးစင်များ ပေါ်ထွန်းလာရေး ရည်ရွယ်ပါတယ်။ အောင်မြင်မှု မရရှိတဲ့ ကစားနည်းများကို နှစ်လုံးပေါက် Camp သွင်းလေ့ကျင့်ရေးစခန်းငယ်များ ထူထောင်လေ့ကျင့်ခြင်းဖြင့် အဆင့်အတန်းမြင့်မားပြီး အောင်မြင်မှုများ ရရှိလာနိုင်ပါတယ်။ ကျောင်းနေအရွယ်(၁၀)နှစ်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်သင့်ပါတယ်။ နိုင်ငံတကာမှာလည်း ကျင့်သုံးလျက်ရှိပြီး အိမ်နီးချင်း ထိုင်းနိုင်ငံမှာဆိုရင်လည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့အတွက် အာဆီယံနိုင်ငံတွေထဲမှာ နာတစ်ဖျားသာနေတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။

နှစ်လုံးပေါက် Camp လို့ဆိုရာမှာ ညနေပိုင်း PT ချိန်နဲ့ ကျောင်းဆင်းချိန်များတွင် လည်းကောင်း၊ ကျောင်းပိတ်ရက်များတွင်လည်းကောင်း လေ့ကျင့်လို့ ရနိုင်ပါတယ်။ စာသင်ချိန်ပြီးလို့ ကျူရှင်တွေပြေးတက်ရတဲ့ အချိန်တွေမှာ အားကစားလုပ်မယ်ဆိုရင် ကျန်းမာရေးလည်းကောင်းမယ်။

ဉာဏ်ရည်လည်းဖွံ့ဖြိုးနိုင်ပြီး ကျောင်းစာသင်ချိန် ငြီးငွေ့မှုများကိုဖြေဖျောက်၍ စိတ်ကြည်လင်လန်းဆန်းပြီး ပျော်ရွှင်မှုနဲ့ ဖျော်ဖြေမှုများကို ရရှိခံစားနိုင်ကြမှာဖြစ်ပါတယ်။ ပညာရေးကျောင်းမှ ဆရာကြီး၊ ဆရာမကြီးများ၊ မိဘအုပ်ထိန်းသူများကလည်း ကျောင်းသူ၊ ကျောင်းသားများကို တိုက်တွန်းအားပေး အကောင်အထည်ဖော်မှ အောင်မြင်မှာဖြစ်ပါတယ်။ Camp သွင်း လေ့ကျင့်မှုများ မြို့နယ်အသီးသီးမှာ ရှိမယ်ဆိုရင် အောင်မြင်တဲ့ ရွက်ပုန်းသီးကစားသမားများ ပေါ်ထွန်းလာနိုင်ပါတယ်။ အလျဉ်းသင့်လို့ SEA Game မတိုင်ခင် ၂၀၁၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အားကစား ဘောလီဘောပြိုင်ပွဲကို ကျွန်တော် သွားရောက်အားပေးခဲ့ဖူးပါတယ်။ ဆီမီးဖိုင်နယ်ကို တက်ရောက်လာတဲ့ စက်မှုအသင်း၊ တပ်မတော်အသင်း၊ ဆောက်လုပ်ရေးအသင်း စတဲ့အသင်းတွေကိုတွေ့ရပြီး ဒီအသင်းတွေက ကလေးတွေကို၊ ကစားသမားတွေကို မေးကြည့်တဲ့အခါမှာ တပ်မတော် Camp ၊ ရန်ကုန်၊ မန္တလေး Camp နဲ့ အင်းလေးဒေသက လူငယ်တွေကိုပဲတွေ့ရပြီး အခြားဒေသမြို့နယ်တွေက မြေတောင်မြှောက်ပေးလို့ လက်ရွေးစင်ဖြစ်လာတဲ့သူတွေ မတွေ့ရပါဘူး။ ပြည်ထောင်စုဖလားပွဲမှာလည်း ဒီလူငယ်တွေချည်းဖြစ်ပါတယ်။ အခြားအားကစားနည်းတွေလည်း ဒီလိုပဲရှိနေတာကို ကြားသိနေရပါတယ်။ ကျွန်တော့်အမြင် သုံးသပ်မိတာကတော့ လက်ရှိမြန်မာ့အားကစားဟာ လူနည်းစုတစ်စုသာ ကစားတဲ့အနေအထားကို ရောက်ရှိနေတယ်လို့ ထင်မြင်ယူဆတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စတုတ္ထ အချက်အနေနဲ့ အားကစားလှုပ်ရှားမှု ပီပြင်အသက် ဝင်စေရေး၊ နိုင်ငံအနှံ့ပြိုင်ဆိုင်မှုပြင်းထန်သည့် အားကစားပြိုင်ပွဲများ ဖြစ်ပေါ်လာစေရေးဖြစ်ပါတယ်။ ပြိုင်ပွဲတွေမရှိရင် လေ့ကျင့်မှုဆိုတာလည်း ရှိမှာမဟုတ်ပါဘူး။ ပြိုင်ပွဲကျင်းပခြင်းဖြင့် ထူးချွန်တဲ့ ရွက်ပုန်းသီးကစားသမားများအား ကင်းထောက်ရှာဖွေနိုင်မှာဖြစ်ပါတယ်။ မြို့နယ်အလိုက် အခြေခံ ပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ၊ ရပ်ကွက်၊ ကျေးရွာပေါင်းစုံအားကစားပြိုင်ပွဲ နိုင်ငံ့အဆင့် မှာဆိုရင် ကျောင်းသားအားကစားပွဲတော်၊ အမျိုးသားအားကစားပွဲတော် သို့မဟုတ် ပြည်ထောင်စု အားကစားပွဲတော်များ ကျင်းပပေးစေလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဥ္စမအချက်အနေနဲ့ အားကစားဝန်ကြီးဌာန မူဝါဒ (ဃဃ)မှာပါတဲ့ မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့ ရောက်ရှိစေရေးဆိုတဲ့အချက်နဲ့အညီ နိုင်ငံတကာ အသိအမှတ်ပြု အိုလံပစ်ကစားနည်းများကို ဦးစားပေးကျင့်သုံးစေလိုတဲ့အတွက် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ယခုလို မေးမြန်းရခြင်းကတော့ ယခုလက်ရှိ အိုလံပစ်အားကစားပြိုင်ပွဲများမှာ အောင်မြင်မှုမရရှိခြင်းကြောင့် ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် အိုလံပစ်ပွဲမှာလည်း အောင်မြင်မှု မရရှိခဲ့ဘူး။ ၂၀၁၄ အိုလံပစ်ပွဲမှာလည်း အောင်မြင်မှု မရရှိခဲ့ဘူး။ ဒါကိုဆိုလိုခြင်းဖြစ်ပါတယ်။ ကမ္ဘာကို ထိုးဖောက်ချင်တယ်ဆိုရင် အိုလံပစ် အသိအမှတ်ပြု ကစားနည်းတွေကို အဓိကထားရွေးချယ်၍ စနစ်တကျ လေ့ကျင့်မွေးထုတ်ပေးရမှာ ဖြစ်ပါတယ်။ အတုယူလေ့လာမယ်ဆိုရင် တရုတ်နိုင်ငံက အနီးစပ်ဆုံးဖြစ်မယ်လို့ ထင်မြင်ယူဆမိပါတယ်။ ပြီးခဲ့တဲ့ (၂၇)ကြိမ်မြောက် SEA Game ပြိုင်ပွဲကို ကြည့်မယ်ဆိုရင်လည်း ရွှေတံဆိပ်(၈၆)ခု၊ ငွေတံဆိပ်(၆၂)ခု၊ ကြေးတံဆိပ်(၈၅)ခုနဲ့ နိုင်ငံအလိုက် ဒုတိယနေရာရခဲ့တယ်။ ဂုဏ်ယူပါတယ်။ သို့သော်လည်း ဆုတံဆိပ်အများဆုံး ချီးမြှင့်ပေးတဲ့ ပြေးခုန်ပစ်မှ ရွှေတံဆိပ်(၂)ခုသာ ရရှိခဲ့ခြင်းအပါအဝင် အိုလံပစ်ကစားနည်းနဲ့ ရွှေတံဆိပ်(၂၆)ခုသာ ရရှိခဲ့ပါတယ်။ ဒီဆုတွေကတော့ ပြေးခုန်ပစ်(၂)ခု၊ ကနူးကယက်(၅)ခု၊ ဂျူဒို(၄)ခု၊ တိုက်ကွမ်ဒို(၄)ခု၊ နပမ်း(၃)ခု၊ လက်ဝှေ့(၂)ခု၊ ရွက်လှေ(၂)ခု၊ လှေလှော်

(၁)ခု၊ အလေးမ(၁)ခု၊ သေနတ်ပစ်(၁)ခု၊ မြားပစ်(၁)ခုတို့ ဖြစ်ကြပါတယ်။ အိုလံပစ် ကစားနည်းမှ ရွှေတံဆိပ်လုံးဝမရရှိခဲ့တဲ့ ကစားနည်း တွေကတော့ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ မြင်းစီး၊ စက်ဘီး၊ ကြက်တောင်၊ စားပွဲတင် တင်းနစ်၊ ဟော်ကီ၊ ဒိုင်ဗင်၊ ဝါတာပိုလိုနဲ့ ရေကူး၊ ဂေါက်သီး တို့ဖြစ်ပါတယ်။ ရှေးယခင် ကျွန်းဆွယ်ပွဲများ ကျင်းပစဉ် ရွှေထီးဆောင်း အောင်မြင်ခဲ့တဲ့ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမတို့လို ကစားနည်းတွေ မှေးမှိန် သွားတာတွေ့ရပါတယ်။ သို့ပါသောကြောင့် မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့ ရောက်ရှိစေရေး နိုးထဖို့လိုပြီလို့ တိုက်တွန်းအကြံပြု မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာအလယ်မှာ နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာကို အားကစား ဖြင့် မြှင့်တင်နိုင်မည့် ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် အားကစားလူရည်ချွန်များ မွေးထုတ်ပေးရေး မူဝါဒနှင့်အညီ အခြေခံပညာကျောင်းများကို အခြေပြု၍ နိုင်ငံအနှံ့ပြိုင်ဆိုင်မှု ပြင်းထန်သည့် အားကစားလှုပ်ရှားမှုများ ပေါ်ပေါက်လာစေရေး၊ မြို့နယ်အလိုက် Camp သွင်း လေ့ကျင့်ရေး စခန်းငယ်များထူထောင်ပေးနိုင်မှု အခြေအနေကိုသိရှိလိုတဲ့အတွက် အောက်ပါမေးခွန်း (၅)ခုဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသို့ မေးမြန်း လိုတာကတော့ (၁) မြို့နယ်အဆင့် အခြေခံပညာကျောင်းများတွင် မြို့နယ်အားကစားဦးစီးဌာနမှ ဦးဆောင်၍ အားကစားကွင်း၊ အားကစားရုံများ တည်ဆောက်ခြင်းနှင့် နိုင်ငံတော်မှ အားကစားပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ (၂) နည်းစနစ်ပိုင်း တစ်ပြေးညီဖြစ်စေရေး၊ မြို့နယ်အလိုက် ကစားသမားဟောင်းများ၊ ဝါသနာရှင်များထဲမှ ဒေသခံများအား ဦးစားပေးရွေးချယ်၍ အားကစားတစ်မျိုးချင်းစီအလိုက် နည်းပြဆရာဖြစ် သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးပြီး တစ်နိုင်ငံလုံးလွှမ်းခြုံသည့် နည်းစနစ်မှုးများ ခန့်အပ်နိုင်ရေး အစီအစဉ်ရှိ၊ မရှိ၊ (၃) မြို့နယ်အလိုက် အခြေခံပညာကျောင်းများကို အခြေပြု၍ ကျောင်း၊ ရပ်ကွက်၊ ကျေးရွာ များတွင် နှစ်လုံးပေါက် Camp သွင်း လေ့ကျင့်ရေးစခန်းငယ်များ ထူထောင်ပေးနိုင်မှု ရှိ၊ မရှိ၊ (၄) မြို့နယ်အလိုက် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ၊ ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အားကစားပြိုင်ပွဲ၊ ကျောင်းသားအားကစားပွဲတော်နှင့် အမျိုးသားအားကစားပွဲတော်များ ပြန်လည် ကျင်းပမည့်အစီအစဉ် ရှိ၊ မရှိ၊ (၅) အားကစားမူဝါဒ (ယယ)မှာပါတဲ့ မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့ ရောက်ရှိစေရေး ဆိုတဲ့ အချက်နဲ့အညီ နိုင်ငံတကာအသိအမှတ်ပြု အိုလံပစ် ကစားနည်းများကို ဦးစားပေးကျင့်သုံးပြီး တိကျတဲ့ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ ရှိ၊ မရှိတို့အား အမျိုးသားရေးအသိစိတ်ဖြင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ပတ်သက်ပြီး အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၃။**

**ဦးသောင်းထိုက် (ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး

နိုင်ငံတော်၏ ကောင်းကျိုးတာဝန်များကို ဆတက်ထမ်းပိုး အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီး မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချစ်လွင်မှ ဟုမ္မလင်းမြို့ ဘောလုံး ပွဲကြည့်စင်နှင့် ဂိုးအမှတ်ပေးဇယား ပြုလုပ်ရန် ရန်ပုံငွေခွဲဝေချထားပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်း တင်သွင်းလာခြင်းနှင့် ပတ်သက်၍ ကျွန်တော် အားကစားဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက် မှ ရှင်းလင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဟုမ္မလင်းမြို့နယ်ရှိ အားကစားကွင်းမှာ ဂိုးအမှတ်ပေးပြ Score Board တပ်ဆင်ခြင်းလုပ်ငန်းအတွက် ကျပ်(၀.၇၅)သန်း ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပွဲကြည့်စင်တည်ဆောက်ခြင်းအတွက် ကျပ်(၈.၀)သန်းနဲ့ အတွင်းခြံစည်းရိုး Inner Fencing ကာရံခြင်းလုပ်ငန်းအတွက် ကျပ်(၉.၅)သန်း ကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှာ ထည့်သွင်းရန်လျာထားပြီး ဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်ခင်ဗျား။

ဆက်လက်၍ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကိုမင်း မှ အခြေခံပညာကျောင်းများ အခြေခံ၍ နိုင်ငံအနှံ့ပြိုင်ဆိုင်မှုပြင်းထန်သည့် အားကစားလှုပ်ရှားမှုများ ပေါ်ပေါက်လာစေရေး၊ မြို့နယ်အလိုက် အားကစား Camp လေ့ကျင့်ရေးစခန်းငယ်များ ထူထောင် ပေးနိုင်မှုအခြေအနေနှင့် ပတ်သက်၍ သိရှိလိုကြောင်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ ကျွန်တော်ဆက်လက်ရှင်းလင်း ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အားကစားဝန်ကြီးဌာန အနေနဲ့ ပြည်နယ်၊ တိုင်းဒေသကြီး အားလုံးမှာရှိတဲ့၊ မြို့နယ်များမှာရှိတဲ့ အားကစားကွင်း၊ အားကစားရုံများ ပြုပြင် ထိန်းသိမ်းခြင်း၊ အသစ်တည်ဆောက်ပေးခြင်း လုပ်ငန်းများကို နှစ်စဉ် ကျွန်တော်တို့ ဆောင်ရွက် ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့နေရာမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းမှာလည်း တိုင်း ဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များ အစီအစဉ်နဲ့ အားကစားကွင်းရုံများ တည်ဆောက် ပြုပြင် မွမ်းမံခြင်းအတွက် ဘဏ္ဍာငွေများကိုလည်း ခွဲဝေထားပြီးဖြစ်ပါတယ်။ အဆိုပါကွင်းရုံများမှာ ပညာရေး ဝန်ကြီးဌာနရဲ့ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများရဲ့ အားကစားပြိုင်ပွဲများကို အခမဲ့ အသုံးပြုခွင့် ခွင့်ပြုပေးထားပြီးဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ကောလိပ်နဲ့ အခြေခံ ပညာကျောင်းများကိုလည်း ကျွန်တော်တို့အားကစားဝန်ကြီးဌာနအနေနဲ့ အခါအားလျော်စွာ အားကစား ပစ္စည်းများ ထောက်ပံ့ပေးအပ်မှု ပြုလုပ်ပေးလျက်ရှိပါကြောင်း ကျွန်တော် ဖြေကြားအပ် ပါတယ်။

ဒုတိယအချက်အနေနဲ့ အားကစားသမားများကို လေ့ကျင့်သင်ကြားပေးဖို့အတွက် အားကစားနည်းအလိုက် နည်းစနစ် နည်းပြသင်တန်းများကိုလည်း ပညာရေးဝန်ကြီးဌာနမှ နည်းပြ ဆရာများအပါအဝင် ပြည်တွင်း၊ ပြည်ပနည်းပြဆရာများရဲ့ သင်ကြားမှုနဲ့ နေပြည်တော်မှာဖွင့်လှစ် သင်ကြားပေးလျက်ရှိပါတယ်။ တစ်နိုင်ငံလုံး လွှမ်းခြုံတဲ့ အားကစားနည်းပြ၊ နည်းစနစ်မှူးများ ခန့်အပ် နိုင်ရေးအတွက်ကိုလည်း ၂၀၁၄ ခုနှစ်၊ မေလအတွင်းမှာ လူတွေ့စစ်ဆေးမှုများ ပြုလုပ်ပြီး အရည် အချင်းပြည့်မီသူ အားကစားနည်းပြ၊ နည်းစနစ်မှူးများကို ခန့်ထားတာဝန်ပေးလျက် ရှိပါကြောင်း ဖြေကြားလိုပါတယ်။ ဆက်လက်ပြီးတော့ တင်ပြပါ အားကစားကွင်း၊ အားကစားရုံများကို ပညာရေး ဝန်ကြီးဌာနသို့ အသုံးပြုခွင့်ပေးခြင်း၊ အားကစားနည်းပြ၊ နည်းစနစ်မှူးများ လေ့ကျင့်ပြုစု ပျိုးထောင်

ပေးခြင်း၊ အားကစားပစ္စည်းများ ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဆက်လက် အရှိန်အဟုန်မြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းကိုလည်း တင်ပြလိုပါတယ်။ ဆက်လက်ပြီးတော့ အားကစားလေ့ကျင့်ရေးစခန်းများ၊ အားကစား Camp များ ထူထောင်ရေးကိုလည်း ပညာရေးဝန်ကြီး ဌာနနဲ့ ညှိနှိုင်းပြီးတော့ တင်ပြပါ အကြောင်းအချက်များအပေါ်မှာ အခြေခံပြီး ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်းလည်း ကျွန်တော့်အနေနဲ့ ဖြေကြားတင်ပြအပ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီးတော့ မြို့နယ်အလိုက် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများနဲ့ ဗဟိုအဆင့် ကျောင်းသားအားကစားပွဲတော်များကိုလည်း ပညာရေးဝန်ကြီးဌာနရဲ့ အစီအစဉ်ဖြင့် အားကစားဝန်ကြီးဌာန၏ပံ့ပိုးမှုဖြင့် ကျင်းပပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ အတွင်းမှာ အမျိုးသားအားကစားပွဲတော်ကို အားကစားဝန်ကြီးဌာနမှ စီစဉ်ကျင်းပသွားမှာ ဖြစ်တဲ့အတွက်ကြောင့် အဆိုပါပြိုင်ပွဲမှာ ကျောင်းသားအားကစားသမားများ ပါဝင်ယှဉ်ပြိုင်သွားကြမည် ဖြစ်ပါကြောင်းကိုလည်း ကျွန်တော့်အနေနဲ့ ဖြေကြားတင်ပြအပ်ပါတယ်။ အခြေခံပညာကျောင်းများကို အခြေခံပြီး နိုင်ငံအနှံ့ပြင်းထန်သည့် အားကစားလှုပ်ရှားမှုများ ပေါ်ပေါက်လာစေရေးအတွက်နဲ့ ပတ်သက်လို့လည်း ဆက်လက်တင်ပြရရင် ပြည်နယ်နဲ့ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အားကစား ပြိုင်ပွဲများကို ပြည်နယ်၊ တိုင်းဒေသကြီးများမှာရှိတဲ့ မြို့တော်များမှာ ၂၀၁၄ ခုနှစ်၊ မေလမှစတင်ပြီး ကျင်းပပေးလျက်ရှိပါတယ်။ ဒီအားကစားပြိုင်ပွဲများဟာ ယခင်ပြည်နယ်နဲ့တိုင်းဒေသကြီး ဘောလုံးပြိုင် ပွဲ၊ ဘောလီဘောပြိုင်ပွဲ၊ ဘတ်စကက်ဘောပြိုင်ပွဲ အစရှိသော ပြည်နယ်နဲ့ တိုင်းဒေသကြီး အသင်းများ အားလုံးပါဝင်တဲ့ အားကစားပွဲများကို ဗဟိုမှာကျင်းပခြင်းမပြုဘဲနဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီးအလိုက် ခွဲဝေကျင်းပနေခြင်းဖြစ်ပါတယ်။ ထိုပြိုင်ပွဲများမှာ ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများမှ ကျောင်းသူ၊ ကျောင်းသားများ အများစုပါဝင်ယှဉ်ပြိုင်လျက်ရှိပါတယ်။

ဆက်လက်ပြီးတော့ ကမ္ဘာ့အိုလံပစ် အားကစားပြိုင်ပွဲများမှာ ပါဝင်တဲ့ အားကစားနည်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန် တင်ပြချက်နဲ့ ပတ်သက်၍ ဖြေကြားသွားပါမယ်။ ကမ္ဘာ့အိုလံပစ် အားကစားပြိုင်ပွဲများမှာ အားကစားနည်း(၂၈)နည်း ပါဝင်ထည့်သွင်းကျင်းပပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့လည်း အိုလံပစ် အားကစားပြိုင်ပွဲများမှာ ဆုတံဆိပ်ရရှိမှု ဒါလိုအပ်နေတယ်ဆိုတာ ကိုလည်း တင်ပြချက်အရမှန်ကန်ကြောင်း ဝန်ခံပါတယ်။ ကျွန်တော်တို့အနေနဲ့ လာမယ့် ၂၀၁၅ ခုနှစ်၊ စင်ကာပူမှာကျင်းပမယ့် (၂၈)ကြိမ်မြောက် SEA Game အားကစားပြိုင်ပွဲမှာ အိုလံပစ် အားကစား နည်းများ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အချို့သော အိုလံပစ်အားကစားနည်းများနဲ့ ပတ်သက်၍ အားကစားအဖွဲ့ချုပ်အသစ်ဖွဲ့စည်းခြင်း၊ အားကစားသမားများကို အိုလံပစ် အားကစားနည်းများကို နေပြည်တော်မှာရှိတဲ့ အားကစားလေ့ကျင့်ရေးစခန်းမှာ ထည့်သွင်းလေ့ကျင့်ခြင်းများ ဆောင်ရွက်လျက် ရှိပါတယ်။ ပြေးခုန်ပစ်၊ ရေကူး အစရှိတဲ့ ဆုတံဆိပ်များများရရှိနိုင်တဲ့ အိုလံပစ်အားကစားနည်းများ ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် မြို့နယ်အသီးသီးမှာ အားကစားကွင်းများ အဆင့်မြှင့်တင်နိုင်ရေး၊ ပြေးခုန်ပစ်နဲ့ ရေကူးအားကစားနည်းများ တိုးတက်ရေးအတွက် အခြေခံရာဘာပြေးလမ်း တည်ဆောက် ပေးခြင်း၊ ရေကူးကန်များ အသစ်တည်ဆောက်ပေးခြင်း လုပ်ငန်းများကိုလည်း လာမယ့်ဘဏ္ဍာရေး နှစ်များ အတွင်းမှာ ဘဏ္ဍာငွေများ ဆက်လက်ထည့်သွင်းလျာထားပြီးတော့ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိကြောင်း လည်း တင်ပြလိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အားကစားဝန်ကြီး ဌာနအနေနဲ့

အိုလံပစ်အားကစားနည်းများ အောင်မြင်စွာဖွံ့ဖြိုးတိုးတက်လာရေးအတွက် ရည်မှန်းဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၀)နာရီတွင် ရပ်နားပြီး (၁၁း၁၅)နာရီအချိန်တွင် ပြန်လည်ကျင်းပ ပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းမယ့် မေးခွန်း တွေဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မာန်အောင်မြို့နယ်၊ ခအုန်းမော်ကျေးရွာရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က မာန်အောင်မြို့နယ်၊ ခအုန်းမော်ကျေးရွာရှိ အခြေခံ ပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၇။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး များအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော်ဦးအုန်းတင်က ရိုသေဂါရဝပြုအပ်ပါတယ် ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့

မေးခွန်း ကတော့ မာန်အောင်မြို့နယ်၊ ခအုန်းမော်ကျေးရွာရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ကို သိလိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မာန်အောင်မြို့နယ်၊ ခအုန်းမော်ကျေးရွာဟာ မာန်အောင်မြို့ရဲ့မြောက်ဘက် (၃)မိုင်အကွာမှာ တည်ရှိပါတယ်။ ခအုန်းမော်ကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း (၇)ရွာ ရှိပါတယ်။ ယခုလက်ရှိ ခအုန်းမော် အခြေခံပညာမူလတန်း(လွန်)ကျောင်းကို ၂၀၀၉-၂၀၁၀ ပညာသင်နှစ်ကဖွင့်လှစ်ခဲ့ပါတယ်။ ခအုန်းမော် အခြေခံပညာမူလတန်း(လွန်)ကျောင်း၏ ပင်မကျောင်းမှာ မာန်အောင်မြို့ ဈေးတန်းရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း (အလက-ဈေးတန်း) ဖြစ်ပြီး ခအုန်းမော်အခြေခံပညာမူလတန်း(လွန်)ကျောင်းနှင့် (၃)မိုင်ကွာဝေးပါတယ်။ ၂၀၁၃ -၂၀၁၄ ပညာ သင်နှစ်မှာ အလယ်တန်းပညာကို သင်ယူနေတဲ့ ကျောင်းသူ၊ ကျောင်းသား ပေါင်း(၆၃)ဦး ရှိပါတယ်။ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ဖွင့်လှစ်မယ်ဆိုပါက ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ အလယ်တန်းကျောင်းသား စုစုပေါင်း (၉၇)ဦး ရှိမည်ဖြစ်ကြောင်းကို ကျောင်းအုပ် ဆရာမကြီး မှ တင်ပြ ထားပါတယ်။

ခအုန်းမော်ကျေးရွာနှင့်အနီးပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူလယ်သမား၊ သားသမီးများ အလယ်တန်းပညာကို ပြီးဆုံးသည်အထိ စိတ်အေးချမ်းသာစွာသင်ယူနိုင်ရေးအတွက် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အဖြစ် ဖွင့်လှစ်ပေးပါရန် သက်ဆိုင်ရာကျောင်းအုပ်ဆရာမကြီး ပင်မကျောင်းမှ ကျောင်းအုပ်ဆရာကြီး၊ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်အထွေထွေဦးစီးဌာနတို့က အခြေခံပညာ ဦးစီး (၁)သို့ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် နည်းလမ်းတကျ တင်ပြတောင်းဆို ထားကြသည်ကို တွေ့ရှိရပါတယ်။

အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် လျှောက်ထားရာတွင် ကျောင်းအဆောက်အဦ၊ ပရိဘောဂနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ကျောင်းအကျိုးတော်ဆောင် အဖွဲ့နှင့် ကျောင်းဖြစ်မြောက်ရေးကော်မတီ အစီအစဉ်ဖြင့် ပြည့်စုံစွာ ဖြည့်ဆည်း ဆောင်ရွက်ထားပြီး ဖြစ်ကြောင်းနှင့် ကျောင်းအဆင့်တိုးမြှင့်ပြီးနောက်ပိုင်း(၅)နှစ်အတွင်း ကျောင်းပြုပြင် ဆောက်လုပ်ရေး၊ ကျောင်းဆောင်တိုးချဲ့ရေး၊ ပရိဘောဂဖြည့်ဆည်းပေးရေးအတွက် ပညာရေးဌာနရန်ပုံငွေကို တင်ပြ တောင်းခံခြင်း မပြုပါကြောင်းကို သက်ဆိုင်ရာ ကျောင်းအုပ်ဆရာမကြီးနှင့်ကျောင်း ဖြစ်မြောက် ရေးကော်မတီသို့ ကတိဝန်ခံချက်ပေးထားသော်လည်း ယနေ့အထိ အဆင့်တိုးမြှင့်ပေးခြင်း မရှိသည်ကို တွေ့ရှိရပါတယ်။ မာန်အောင်မြို့နယ်ဟာ ရခိုင်ပြည်နယ်အလယ်ပိုင်း၏ အနောက်ဘက် ဘင်္ဂလား ပင်လယ်အော်အတွင်း သီးခြားတည်ရှိတဲ့ ကျွန်းမြို့တစ်ခု ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအခက်အခဲမှအစ အခက်အခဲများစွာနှင့် ရင်ဆိုင် နေရသော မြို့နယ်တစ်ခုဖြစ်ပါတယ်။

မာန်အောင်မြို့နယ်ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးဝန်ကြီး ဌာနရဲ့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅၁၃/၂၀၁၃ ဖြင့် ထုတ်ပြန်ထားသောဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများ စာရင်းတွင်ပါရှိတဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ဒီလို ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲတဲ့ ဒေသများမှာရှိတဲ့ ပြည်သူများရဲ့ ပညာရေး၊

ကျန်းမာရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်လာဖို့အတွက် အထူးဦးစားပေး လုပ်ဆောင်ပေးရန် နိုင်ငံတော်အစိုးရမှာ တာဝန်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို ကျွန်တော် မေးမြန်းပါရစေ။ (၁) ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ခအုန်းမော်ကျေးရွာရှိ အခြေခံပညာ မူလတန်း(လွန်)ကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဖြစ် ဆောလျင်စွာ တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ။ ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့်ပညာသင်နှစ်တွင် ဖွင့်လှစ်ပေးပါမည်နည်း။ မဖွင့်လှစ်ပေးနိုင်ဘူး ဆိုပါက အဘယ်ကြောင့်ပါနည်း။ မေးပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရေနံချောင်းမြို့နယ်၊ ဖောင်းကွဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် အလျား (၉၀'x၃၀'x၁၅') ရှိ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၂၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်းက ရေနံချောင်းမြို့နယ်၊ ဖောင်းကွဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် အလျား (၉၀'x၃၀'x၁၅')ရှိ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၃။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၊ ဖောင်းကွဲကျေးရွာအုပ်စု၊ ဖောင်းကွဲကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် အစီအစဉ် ရှိ၊ မရှိနဲ့ အလျား (၉၀'x၃၀'x၁၅')ရှိ ကျောင်းဆောင်သစ် တစ်ဆောင်ဆောက်လုပ်ပေးနိုင် ခြင်း ရှိ/မရှိနဲ့ မေးမြန်းမှုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဖောင်းကွဲကျေးရွာရှိ အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)ဟာ ရေနံချောင်းမြို့ရဲ့အရှေ့ဘက် (၁၆)မိုင်ခန့်အကွာမှာ တည်ရှိပြီးတော့ ပညာရေးဌာနရဲ့ ခွင့်ပြုချက်အရ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစပြီးတော့ ယနေ့အထိ စဉ်ဆက်မပြတ် ကြိုးပမ်းဖွင့်လှစ်ခဲ့ပါတယ်။ ဖောင်းကွဲကျေးရွာအုပ်စုမှာ အိမ်ခြေ (၅၉၂)အိမ်၊ လူဦးရေ (၂၈၈၉)ဦးနှင့် ပတ်ဝန်းကျင် မှီခိုကျေးရွာအုပ်စုများဖြစ်တဲ့ ရုံးကုန်းကျေးရွာအုပ်စု၊ ကန်နီကျေးရွာ၊ အလယ်ကန် ကျေးရွာ၊ ဆည်ကျေးရွာတို့မှာ လူဦးရေ (၁၆၈၅)ဦး၊ အိမ်ခြေ(၂၆၈)အိမ်တို့၏ ပညာရေးမှီခိုအားထားရာ ကျောင်းတစ်ကျောင်း ဖြစ်တဲ့အပြင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ ကျောင်းသား

အင်အား (၂၄၀)ယောက်ရှိပြီး အဋ္ဌမတန်းကျောင်းသား (၄၄)ယောက်ရှိခြင်း၊ လုံလောက်သော ကျောင်းအကျယ်အဝန်းနှင့် ကျောင်းအားကစားကွင်းရှိခြင်း၊ ဒေသခံပြည်သူများမှ ပညာရေးကို လိုလားခြင်း၊ ဖောင်းကွဲကျေးရွာအုပ်စုရှိ ကျေးရွာများနှင့် အနီးပတ်ဝန်းကျင် ကျေးရွာ(၆)ရွာမှ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားခွင့်ရရှိခြင်း၊ အနီးဆုံးကျောင်းဖြစ်တဲ့ အလက ချိုင်းနှင့် (၆)မိုင် ကွာဝေးပြီးတော့ ချောင်းကိုဖြတ်သန်းသွားလာနေရ၍ သွားလာရေး ခက်ခဲခြင်းတို့ကြောင့် အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးသင့်ကြောင်း တင်ပြအပ်ပါတယ်။

အဆိုပါကျောင်းအဆင့်တိုးမြှင့်ရေးနဲ့ပတ်သက်လို့ ရေနံချောင်းမြို့နယ် ပညာရေးမှူးရဲ့ ကွင်းဆင်းစစ်ဆေးထောက်ခံချက်၊ မြို့နယ်ပညာရေးမှူး၏ထောက်ခံချက်တို့နှင့်အတူ မြို့နယ်ပညာရေးမှူးရုံး၏ ၂၈-၁၀-၂၀၁၃ ရက်စွဲပါ စာအမှတ်-၁/ဦး ၁/၈၂၂/၂၀၁၃ ဖြင့် မကွေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူးထံ အခြေခံပညာအလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးရန် အဆိုပြုလွှာပေးပို့တင်ပြ အစီရင်ခံတင်ပြပြီးလည်းဖြစ်ပါတယ်။

အဆိုပါကျောင်းမှာ ၂၀၀၂ ခုနှစ်ကဌာနနှင့် ပြည်သူပူးပေါင်းဆောက်လုပ်ထားသော အလျား (၉၀'x၃၀'x၁၇') သွပ်မိုးအုတ်ကာ သံမံတလင်း တစ်ထပ်ကျောင်းဆောင်၊ ၁၉၈၆ ခုနှစ်က ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားတဲ့ အလျား (၅၄'x၁၀'x၁၁') ရှိ သွပ်မိုးအုတ်ကာ မြေသားခင်း တစ်ထပ်ကျောင်းဆောင်တစ်ဆောင်၊ ၂၀၁၁ ခုနှစ်က ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားတဲ့ အလျား (၆၀'x၂၀'x၁၂') သွပ်မိုးထရံကာ မြေသားခင်းယာယီကျောင်းဆောင် (၁)ဆောင် စုစုပေါင်း ကျောင်းဆောင် (၃) ဆောင် ရှိပါတယ်။

အထက်ပါကျောင်းဆောင်(၃)ဆောင်အနက် ၂၀၁၁ ခုနှစ်က ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားတဲ့ ယာယီကျောင်းဆောင်ဟာ သွပ်မိုးထရံကာမြေသားခင်းဖြစ်ပြီးတော့ ယာယီ စာသင်ကြားနိုင်ဖို့အတွက်သာ ဆောက်လုပ်ထားခြင်းဖြစ်ပါတယ်။ အခုအခါ တိုးတက်များပြားလာတဲ့ ကျောင်းသားဦးရေ နဲ့ ကျောင်းအဆောက်အဦမမျှခြင်း၊ ဥပဓိရုပ်မကောင်းခြင်း၊ မိုးလုံလေလုံမှု မရှိခြင်းတို့ကြောင်း ကျောင်းဆောင်သစ် တစ်ဆောင်အသစ်ဆောက်လုပ်ပေးရန် အမှန်တကယ် လိုအပ်လျက်ရှိပါတယ်။

သို့ပါ၍ ဒေသခံပြည်သူများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ဖော်ပြပါ မေးခွန်းများအား မေးမြန်းအပ်ပါတယ်။ (၁) ဖောင်းကွဲကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲအား အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ။ ရှိပါက မည်သည့်ပညာသင်နှစ်တွင် တိုးမြှင့်ဖွင့်လှစ်ပေးမည်။ (၃) အဆိုပါကျောင်းတွင် အမှန်တကယ် လိုအပ်နေတဲ့ အလျား (၉၀'x၃၀'x၁၅') ရှိ ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြု ဆောက်လုပ်ပေးမည်တို့ကို ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ နွားရုံတောင်အုပ်စု အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ။** ။ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးညိုထွန်း က ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ နွားရုံတောင်အုပ်စု အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား အလယ်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၈။**

**ဦးညိုထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညိုထွန်း ဖြစ်ပါတယ်။ ကျွန်တော်တင်ပြလိုတာကတော့ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ နွားရုံတောင် အုပ်စု အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အလယ်တန်းကျောင်းအဆင့်အား တိုးမြှင့်ပေးပါရန် တင်ပြလိုခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ရင်းခတ်တိန်ကျွန်း၊ နွားရုံတောင်အုပ်စု၊ အလက(ခွဲ) နွားရုံတောင်ရွာသည် လွန်ခဲ့သော(၈)နှစ်ခန့်ကပင် အလက(ခွဲ) အဆင့် ပညာသင်ကြား ခွင့်ရရှိခဲ့ပါသည်။ ယခုအခါတွင် အလက(ခွဲ) နွားရုံတောင်တွင် မူလတန်း အဆင့် ပညာသင်ကြားနေသူ (၂၇၀)ဦး၊ အလယ်တန်းအဆင့် ပညာသင်ကြားနေသူ(၁၅၀)ဦး စုစုပေါင်း ပညာသင်ကြားနေသူ (၄၂၀)ဦးတို့ ရှိကြပါသည်။ မူလတန်းပြဆရာ (၁၀)ဦးနှင့် အလယ်တန်းပြ (၃)ဦး ဖြင့် ပညာသင်ကြားလျက်ရှိကြပါတယ်။ နွားရုံတောင်ကျေးရွာတွင် အိမ်ခြေ(၃၂၀) ရှိပါတယ်။ ရွာသား များမှာလည်း ပညာရေးကို အထူးစိတ်ဝင်စားသူများ ဖြစ်ကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နွားရုံတောင်ကျေးရွာ၊ အခြေခံပညာ အလယ်တန်း ကျောင်း(ခွဲ)အား အလယ်တန်းကျောင်းအဆင့်တိုးမြှင့်လာပါက ကျောင်းသို့ အင်အား ဖြည့်တင်းလာမည့် အနီးပတ်ဝန်းကျင် ရွာများကတော့ အမက (ကံကျွန်းကြီး)၊ အမက (မျောက်ကိုက်)၊ အမက (တောင်ပေါ်)၊ အမက(အဝပြင်) တို့ ဖြစ်ကြပါတယ်။ အထက်ပါဖော်ပြပါ အခြေအနေများကြောင့် ပညာမြင့်မှ လူမျိုးမြင့်တင့်မည်ဆိုသည့်အတိုင်း ပညာမြင့်၍ လူမျိုးတင့်လာစေရန် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၊ နွားရုံတောင် အား အလယ်တန်းကျောင်း အဆင့်မြှင့်တင်ပေးပါရန်နှင့် ပေးနိုင်မှု ရှိ၊ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ် လယ်ဘဲ့အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာ ခင်မောင်လေး က ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ် လယ်ဘဲ့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ

အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၀။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးတဲ့မေးခွန်းကတော့ ပြည်မြို့၊ လယ်ဘဲ့အခြေခံပညာအထက်တန်းကျောင်းခွဲကနေပြီးမှ အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။

လယ်ဘဲ့အခြေခံပညာအထက်တန်းကျောင်းခွဲဟာ ပြည်မြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်နယ်စပ်မှာ ရှိပြီးတော့ မြောက်နဝင်းဆည်ရဲ့ခြေရင်းမှာ ရှိပြီးတော့ ၁၉၉၇ ခုနှစ်ကနေပြီးတော့ တည်ဆောက်ခဲ့တဲ့ ကျောင်းဖြစ်ပါတယ်။ သူ့ကျောင်းမှာဆိုရင် ကျောင်းသား (၅၃၆)ဦး ရှိတဲ့အနက်မှာ ကျွန်တော်တို့ ထက်၊ လယ်၊ မူ အချိုးအရကြည့်မယ်ဆိုလို့ရှိရင် အထက်တန်းမှာ (၆၆)၊ အလယ်တန်းမှာ (၂၅၆)၊ မူလတန်း (၂၁၄)ဦး၊ စုစုပေါင်း (၅၃၆)ဦးကို ကျောင်းဆရာအချိုးကို ကြည့်မယ်ဆိုလို့ရှိရင် (၇)ယောက်၊ (၁၃)ယောက်နဲ့ (၆)ယောက်အချိုး တည်ရှိပါတယ်။

သူတို့ရဲ့ပတ်ဝန်းကျင်မှာ ကျေးရွာအုပ်စု(၅)အုပ်စု၊ ကျေးရွာပေါင်း(၂၀)ကနေပြီးတော့ မူလတန်းကျောင်း(၈)ကျောင်းရှိပြီးတော့ မှီခိုနေရုံသာမကဘဲနဲ့ ပေါက်ခေါင်းမြို့နယ်နဲ့ အောင်လံမြို့နယ်မှာရှိတဲ့ ကျောင်းသူ၊ ကျောင်းသားများက မှီခိုအားထားနေရတဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ အခုအခါမှာ သူ့ရဲ့တစ်ဆင့်မြင့်တဲ့ ဝက်ထီးကန်အထက်တန်းကျောင်းနဲ့ (၈)မိုင်နီးပါးခန့်ကွာဝေးပြီး မိုးတွင်းအခါမှာ သွားရေး၊ လာရေး ခက်ခဲတဲ့အတွက်ကြောင့် ကျွန်တော်တို့ ပြည်မြို့နယ် လယ်ဘဲ့အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ နဲ့ ပတ်သက်ပြီးတော့ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၃၃။**

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမဂါရဝပြု နှုတ်ခွန်းဆက် ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ပညာရေးဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒေါက်တာ ဇော်မင်းအောင်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး (၄)ဦးရဲ့ မေးခွန်း

များကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ရခိုင်ပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် ရဲ့ မာန်အောင်မြို့နယ်၊ ခအုန်းမော်ကျေးရွာရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းမေးမြန်းခြင်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်မေးမြန်းလာသော ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ် ခအုန်းမော်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ချက် မူဘောင် များကို စိစစ်ပြီးတော့လည်းကောင်း၊ ဒေသန္တရအခြေအနေလိုအပ်ချက်နှင့် သက်ဆိုင်ရာ ပြည်နယ် အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်များအပေါ်မှာ မူတည်ပြီးလည်းကောင်း စိစစ်ပြီး သတ်မှတ်မူ ဘောင်များနှင့် ကိုက်ညီပါသဖြင့် အဆိုပါကျောင်းအား ၂-၆-၂၀၁၄ မှာ စာအမှတ် ၁-ခ/၄၁၃၃ ကျောင်းအတိုး ၂၀၁၄ နှင့် ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ပေးခဲ့ပြီးဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းအနေနဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးအောင်ငြိမ်း ရဲ့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဖောင်းကွဲကျေးရွာအုပ်စု၊ ဖောင်းကွဲကျေးရွာအခြေခံပညာအလယ်တန်းကျောင်း (ခွဲ)အား အခြေခံပညာ အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် အလျား (၉၀x၃၀x၁၅) ပေရှိ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် စပ်လျဉ်းပြီး မေးခွန်းအား ဆက်လက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး မေးမြန်း လာသော မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဖောင်းကွဲ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့် ပေးနိုင်ခြင်း မရှိသေးပါဘူး။ ဘာကြောင့်လဲဆိုရင် အဆိုပါ ကျောင်းဟာ ၂၀၁၄-၂၀၁၅ ပညာသင် နှစ်မှာ အဆင့်တိုးမြှင့်ပေးရန်စာရင်းမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အမှတ်စဉ် ဦးစားပေး အစီအစဉ် ဖြစ်ပါတယ်။ ၁၂၃ မှာ ဖြစ်နေတဲ့အတွက် ကျွန်တော်တို့ဟာ တိုးမြှင့်ပေးနိုင်ခြင်း မရှိသေးကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယပိုင်းမေးခွန်းကို ဖြေကြားရမည်ဆိုရင် အဆိုပါကျောင်းမှာ အလျား(၉၀x၃၀x၁၅)ပေ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန်အတွက် လိုအပ်တဲ့ရန်ပုံငွေကိုတော့ ကျွန်တော်တို့ ဟာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်ငွေလုံးငွေရင်းတည်ဆောက်ရေး ရန်ပုံငွေ ခေါင်းစဉ်အောက်မှာ ငွေကျပ် (၃၂.၄၀) သန်းအား ခွဲဝေပေးနိုင်ရန်အတွက် လျာထားဆောင်ရွက်ထားပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီးတော့ တတိယမေးခွန်းအနေနဲ့ ရခိုင်ပြည်နယ် အမှတ်(၁၁) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးညိုထွန်း ရဲ့ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ နွားရုံတောင်အုပ်စု အခြေခံပညာအလယ်တန်းကျောင်းခွဲအား အခြေခံပညာအလယ်တန်းကျောင်း အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ယခု ကိုယ်စားလှယ်တော်ကြီး မေးမြန်းလာသော ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ နွားရုံတောင် အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ပဥ္စမတန်းမှာတက်ရောက်နေတဲ့ကျောင်းသားက (၆၀)ဦး၊ ဆဋ္ဌမတန်းမှာ (၃၉)ဦး၊ သတ္တမတန်းမှာ (၃၆)ဦး၊ အဋ္ဌမတန်းမှာ (၁၅)ဦး စုစုပေါင်း အလယ်တန်းအဆင့်သင် ကျောင်းသားဦးရေဟာ (၁၅၀)ဦးရှိခဲ့ပါတယ်။ ဒီနေရာမှာအထူးပြုတင်ပြလိုတာကတော့ အလယ်တန်းကျောင်း(ခွဲ) ဆိုတော့လည်း အဋ္ဌမတန်းအထိ ပညာသင်ကြားခွင့်ရရှိနေတဲ့ အခြေအနေကို တင်ပြလိုပါတယ်။ အဲဒီတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့တော့ ကျောင်းအဆင့်တိုးမြှင့်ပေးရန် သတ်မှတ်ချက်မူတွေ ရှိပါတယ်။ အများအားဖြင့်တော့ ကျောင်းသားဦးရေပြည့်မီခြင်း ရှိ၊ မရှိ၊ ကျောင်း အဆောက်အအုံ ပရိဘောဂ ပြည့်စုံမှု ရှိ၊ မရှိတို့ အပေါ်ထည့်သွင်းစဥ်းစားသတ်မှတ်ပါတယ်။ သို့သော်လည်းပဲ ပြည်သူများရဲ့ဆန္ဒများကို အလေးထားပြီးတော့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဒေသတွေမှာ ဒေသန္တရ ဖွံ့ဖြိုးမှုလိုအပ်တဲ့အပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့ သတ်မှတ်ထားတဲ့ မူဝါဒတွေကို အထူးကိစ္စများအနေနဲ့ ဖြေလျှော့ပြီးတော့ ကျောင်းအဆင့် တိုးမြှင့်ပေးရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက် ရှိပါတယ်။ အဲဒီတော့ ယခုတင်ပြပါကျောင်းကတော့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ ဒေသတွေမှာ ဒေသဖွံ့ဖြိုးရေး၊ တိုးတက်ရေး စတဲ့ လိုအပ်ချက်များကို ပိုမိုပြီးတော့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနထက်ပိုမိုသိနိုင်တဲ့ ဒေသန္တရ သက်ဆိုင်ရာပြည်နယ် အစိုးရအဖွဲ့ရဲ့ သဘောထား မှတ်ချက်နဲ့တင်ပြလာမယ်ဆိုရင် ကျောင်းအဆင့်တိုး တန်းစီဇယားမှာ ထည့်သွင်းလျာထားပေးသွားမှာဖြစ်ပါတယ်။ လောလောဆယ်မှာတော့ အဆင့်တိုးမြှင့်ပေးရန် အစီအစဥ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ယခင်က ကျွန်တော် အထူးတင်ပြခဲ့သလိုပဲ အဋ္ဌမတန်းအထိ သင်ကြားခွင့်ပြုထားတဲ့အတွက် ဆရာ၊ ဆရာမများ လိုအပ်ချက်ရှိရင်တော့ ဖြည့်ဆည်းဆောင်ရွက် ပေးနိုင်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

စတုတ္ထ နောက်ဆုံးမေးခွန်းအနေနဲ့တော့ ပဲခူးတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါက်တာခင်မောင်လေး ရဲ့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ် လယ်ဘဲ့အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန်နဲ့စပ်လျဥ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းလာတဲ့ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၊ လယ်ဘဲ့ကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခွဲမှာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ နဝမတန်း(၃၇)ဦး၊ ဒသမတန်း(၅၁)ဦး စုစုပေါင်းအထက်တန်း အဆင့်သင်ကျောင်းသား(၈၈)ဦးသာ ရှိပါတယ်။

သို့သော်လည်းပဲ ဒီနေရာမှာ ထပ်မံပြီးအထူးပြုတင်ပြလိုတာကတော့ အခြေခံပညာ အထက်တန်းကျောင်းခွဲလို့ ပြောသော်လည်းပဲ ကျွန်တော်တို့ဟာ ဒသမတန်းအထိ ပညာသင်ယူခွင့် ရရှိနေတာဖြစ်ပါတယ်။ စာမေးပွဲဖြေဆိုတဲ့ အခါမှာသာလျှင် သူတွဲဘက်ထားတဲ့ ကျောင်းကိုသာ သွားရောက်ဖြေရမယ့်အနေအထားမျိုးရှိပါကြောင်း ဖြည့်စွက်တင်ပြလိုပါတယ်။ အဲဒီတော့ အဆင့်တိုးမြှင့်ရေးနဲ့ ပတ်သက်တဲ့ ပညာရေးဝန်ကြီးဌာနရဲ့သတ်မှတ်လျှက်မူတွေ ရှိခဲ့ပါတယ်။ ဒါအချိန်ကို ငဲ့ကွက်သော အားဖြင့် ပထမ၊ တတိယမေးခွန်းမှာလည်း ကျွန်တော်ရှင်းလင်းဖြေကြားပြီးဖြစ်တဲ့အတွက်

ကျောင်းသားဦးရေ မပြည့်မီခြင်း၊ နောက် ကျောင်းသား အဆောက်အဦ၊ ပရိဘောဂပြည့်စုံမှု ရှိ၊ မရှိ တို့အပေါ်မှာ ထည့်သွင်းစဉ်းစားသတ်မှတ်ပါတယ်။

သို့သော်လည်းပဲ လမ်းပန်းဆက်သွယ်ရေးတွေ ခက်ခဲတယ်ဆိုရင် ဒေသန္တရအခြေအနေတွေ စတဲ့လိုအပ်ချက်အပေါ်မှာမူတည်ပြီးတော့ ဒါ သတ်မှတ်တဲ့မူဝါဒများကို လျှော့ပြီးတော့ စဉ်းစားတယ်လို့ ကျွန်တော်တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကျောင်းဟာ အမှန်တကယ်ပဲ ကျွန်တော်တို့ လမ်းပန်း ဆက်သွယ်ရေး အခက်ခဲမှု၊ ဒေသန္တရ အခြေအနေနဲ့ဒေသဖွံ့ဖြိုးရေး၊ တိုးတက်ရေး စတဲ့ လိုအပ်တဲ့အချက်များ အပေါ်မူတည်ပြီးတော့ ဒါအဆင့်တိုးမြှင့်ပေးသင့်ကြောင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီးရဲ့ သဘောထားမှတ်ချက်နဲ့ တင်ပြလာပါက ကျောင်းအဆင့်တိုးတန်းစီဇယားမှာ ထည့်သွင်းလျာထားပေး သွားမည်ဖြစ်ပါကြောင်းနဲ့ လောလောဆယ်မှာတော့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိပါသေးကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ တတိယမေးခွန်းလိုပဲ ဆရာ၊ ဆရာမ လိုအပ်ချက်ရှိရင်တော့ ကျွန်တော်တို့က ဖြည့်ဆည်းပေးနိုင်ကြောင်း ဖြည့်စွက်ရှင်းလင်း ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၃၁-၇-၂၀၁၂ ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက အဆိုတင်သွင်းပြီး ၂၃-၇-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့ လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကာလ စည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

ပြည်သူ့လွှတ်တော်ကပေးပို့လာသော ပြင်ဆင်ချက်ကိုဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ် များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၅-၇-၂၀၁၄ (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းကို ၁၈-၃-၂၀၁၄ ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၁၆-၆-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းကို ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၅-၇-၂၀၁၄ (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လျှပ်စစ်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လျှပ်စစ်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လျှပ်စစ်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဦးဝင်းမောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီ အဖွဲ့ဝင်ဦးဝင်းမောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ကျွန်တော် လျှပ်စစ်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို တင်သွင်းဖတ်ကြားမှာ ဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

လျှပ်စစ်ဥပဒေကြမ်းအပေါ်စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၄ -၃၂၄
ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်

၁။ ပြည်သူ့လွှတ်တော်က ၄-၆-၂၀၁၄ ရက်နေ့တွင် လျှပ်စစ်ဥပဒေကြမ်းကို ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ၁၉-၆-၂၀၁၄ ခု၊ ၂၃-၆-၂၀၁၄ ခုနှင့် ၁၆-၇-၂၀၁၄ ခု ရက်နေ့များတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အစည်းအဝေး များပြုလုပ်ခဲ့ကြပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လျှပ်စစ်ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ဤဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကော်မတီက တင်သွင်းခဲ့ပြီးနောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ရေးဆွဲပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့လာသော လျှပ်စစ်ဥပဒေကြမ်းနှင့် ပေါင်းစပ်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လျှပ်စစ်ဥပဒေကြမ်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ရည်ရွယ်ချက်များတွင် ပိုမိုတိကျ ပြည့်စုံစေရန်အတွက်လည်းကောင်း၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှုကော်မရှင်နှင့် တာဝန်ခံဝန်ကြီးဌာနတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်အတွက်လည်းကောင်း၊ လျှပ်စစ်ဆိုင်ရာအရည်အသွေးနှင့် လျှပ်စစ်ဆိုင်ရာစံချိန်စံညွှန်းများကို တိကျစွာစစ်ဆေးထိန်းညှိဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ ပြင်ဆင်ဖြည့်စွက်သင့်သည်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းသဘောတူညီမှု ရယူဆောင်ရွက်ခဲ့ပါသည်။

၄။ ထို့ပြင် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အများပြည်သူတို့ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးနိုင်ရန်အတွက်လည်းကောင်း၊ ပြည်သူတို့အတွက် တရားမျှတသည့် အခွင့်အရေးတို့ကို အကာအကွယ်ပေးနိုင်ရန်နှင့် နစ်နာမှုများကို ကုစားပေးနိုင်ရန်အတွက်လည်းကောင်း၊ လျှပ်စစ်အန္တရာယ် ဘေးကင်းလုံခြုံမှုကို ထိခိုက်စေသော တာဝန်ဝတ္တရားပေါ့လျော့စွာ ဆောင်ရွက်သည့် တာဝန်ရှိ ပုဂ္ဂိုလ်အဖွဲ့အစည်းများကို အရေးယူ ဆောင်ရွက်မှုများပြုနိုင်ရန်အတွက်လည်းကောင်း အသစ်ဖြည့်စွက်သင့်သည့် ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်း၍ ဖြည့်စွက်ခဲ့ပါသည်။

၅။ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းပုဒ်မ ၂(ခ)၊ (ဇ)၊ (ည)၊ (ဋ)၊ (ဍ)၊ (န)၊ (ဏ)၊ (ယ)၊ (ဟ)၊ ပုဒ်မ ၃(က)၊ (ဃ)၊ (င)၊ (ဆ)၊ ပုဒ်မ ၄(က)၊ ပုဒ်မ ၅(ဇ)၊ (ည)၊ (ဍ)၊(ထ)၊ ပုဒ်မ ၆၊ ပုဒ်မ ၇(က)၊ ပုဒ်မ ၈(က)၊(ခ)၊ ပုဒ်မ ၉(က)၊ (င)(၁)၊ ၉ (ဃ)၊ (စ)၊ ပုဒ်မ ၁၀(ခ)၊ ပုဒ်မ ၁၈၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆(ခ)၊ (ဂ)၊ (ဆ)၊ ပုဒ်မ ၂၉(က)၊ ပုဒ်မ ၃၆၊ ပုဒ်မ ၄၇၊ ပုဒ်မ ၆၂ (ခ)၊ ပုဒ်မ ၆၃၊ ပုဒ်မ ၇၀၊ ပုဒ်မ ၇၁ နှင့် အခန်း(၃) အခန်းခေါင်းစဉ်တို့ကို ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။ ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းတွင် မူလဥပဒေကြမ်းပုဒ်မ ၂၊ (ဆ)နှင့်(ဓ)တို့ကို ပယ်ဖျက်ရန် မသင့်ကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် ပုဒ်မ ၃(ခ)၊ ပုဒ်မ ၆၃(ခ)၊ ပုဒ်မ ၆၅၊ ပုဒ်မ ၆၆၊ ပုဒ်မ ၆၇ တို့ကို ပယ်ဖျက်ခဲ့ပါသည်။ ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်း ပုဒ်မ ၃ ရည်ရွယ်ချက်များတွင် ပြဋ္ဌာန်းချက်အသစ် (၁)ခုကိုလည်းကောင်း၊ ပုဒ်မ ၄ ကော်မရှင် ဖွဲ့စည်းခြင်းတွင် ပုဒ်မခွဲ အသစ်(၂)ခုကိုလည်းကောင်း၊ ပုဒ်မ ၂၀ ၏ နောက်တွင် ပုဒ်မ ၂၁(က)၊(ခ)၊ ပုဒ်မ ၂၂(က)၊ (ခ)၊ ပုဒ်မ ၂၃(က)၊(ခ)နှင့် ပုဒ်မ ၂၄ တို့ အဖြစ်လည်းကောင်း၊ ပုဒ်မ ၂၁ ကို ပုဒ်မ ၂၅ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ယင်း၏နောက်တွင် ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၇ အဖြစ်လည်းကောင်း အသစ်ဖြည့်စွက်ခဲ့ပါသည်။ ပြဋ္ဌာန်းချက်အသစ်များ ဖြည့်စွက်ခဲ့သည့်အတွက် ပြောင်းလဲသွားသည့် အမှတ်စဉ်များအတိုင်း ပြန်လည်အမှတ်စဉ်ခဲ့ပါသည်။

၆။ အသေးစိတ် ပြင်ဆင်ဖြည့်စွက်ချက်များ၊ ပယ်ဖျက်ချက်များ၊ အသစ်ဖြည့်စွက်ချက်များကို ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၇။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လျှပ်စစ်ဥပဒေကြမ်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှတာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ဆွေးနွေး ညှိနှိုင်းမှုများပြုလုပ်ခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက် ပေးနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီးပေးပို့လာသော လျှပ်စစ်ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လျှပ်စစ်ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၅-၇-၂၀၁၄ (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သန့်ရှင်းသော သောက်ရေနှင့်သုံးရေ လုံလောက်စွာရရှိရေး နိုင်ငံတော်မှ စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာ ခင်မောင်လေး တင်သွင်းထားသည့် အခြေခံပညာကျောင်း အားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သန့်ရှင်းသော သောက်ရေ နှင့်သုံးရေ လုံလောက်စွာရရှိရေး နိုင်ငံတော်မှ စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်း၍ ၂၆-၆-၂၀၁၄ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး (၁၉)ရက်မြောက်နေ့တွင် ကိုယ်စားလှယ်(၅)ဦး က ဆွေးနွေးခဲ့ပါတယ်။

ယခု အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည် ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၉။**

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များအားလုံးကို မင်္ဂလာပါလို့ ထပ်မံပြီးတော့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေး ရဲ့ အခြေခံပညာ ကျောင်းများအားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် သန့်ရှင်းသော သောက်ရေ၊ သုံးရေနှင့် လုံလောက်စွာ ရရှိနိုင်ရေး နိုင်ငံတော်မှ စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးရန် အဆိုနဲ့ စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိုင်ငံတော်အစိုးရနဲ့ ပညာရေးဝန်ကြီးဌာနဟာ အနာဂတ်ကို အားကိုးအားထားပြုရမယ့် မျိုးဆက်သစ်လူငယ်များ ကျန်းမာကြံ့ခိုင်ပြီး အရည်အချင်းပြည့်ဝသော လူတွေဖြစ်လာရေးအတွက် ပေါ်ထွန်းလာရေးကို ဦးတည်ပြီးတော့ ကျောင်းသားလူငယ်ပြုစုပျိုးထောင်ရေးကို အမျိုးသားရေးအမြင်၊ အမျိုးသားရေးအသိနဲ့ အဘက်ဘက်က အားပေး စီမံဆောင်ရွက်လျက်ရှိတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ အထူးသဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး နဲ့ ပညာရည်မြင့်မားရေးဆိုတဲ့ ဦးတည်ချက်နဲ့ ကျန်းမာရေးမူဝါဒများချမှတ်ပြီးတော့ ကျောင်းသားလူငယ်များ အပါအဝင် တစ်မျိုးသားလုံး ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရေးအတွက် အမျိုးသားကျန်းမာရေးစီမံကိန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသား ကျန်းမာရေးစီမံကိန်း၊ လူထုကျန်းမာရေးစောင့်ရှောက်မှု စီမံချက်မှာ တစ်ခုအပါအဝင်ဖြစ်တဲ့ ကျောင်းကျန်းမာရေးလုပ်ငန်းစီမံချက်နဲ့ မျိုးဆက်သစ် ကျောင်းသားလူငယ်များရဲ့ ကျန်းမာကြံ့ခိုင်ရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြရရင် ကျောင်းကျန်းမာရေးသမိုင်းဟာ ကျွန်တော်တို့ ၁၉၂၁ ခုနှစ်ကတည်းက စတင်ခဲ့တယ်လို့ ကျွန်တော်တို့ အထောက်အထားများ တွေ့ရှိရပါတယ်။ အဲဒီနောက် ၁၉၅၁ ခုနှစ်မှာ ကျောင်းကျန်းမာရေးကို ဇောက်ချလုပ်နိုင်ဖို့အတွက် ကလေးသူငယ်ကျန်းမာရေးဌာနကို ဖွဲ့စည်းခဲ့ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲဒီနောက် ၁၉၅၃ ခုနှစ်မှာ မိခင်နှင့်ကလေး ကျောင်းကျန်းမာရေးဌာနကို ကျန်းမာရေးညွှန်ကြားရေးဝန်လက်အောက်မှာ ဖွင့်လှစ်ထားရှိပြီးတော့ ကျွန်တော်တို့ ပညာပေးဆောင်ရွက်တဲ့စနစ်ကို ကျွန်တော်တို့ ရောက်ရှိသွားပါတယ်။ အဲဒီနောက် ၁၉၅၁ ခုနှစ်မှာတော့ ကျွန်တော်တို့ဟာ ကျောင်းကျန်းမာရေးအဖွဲ့(၁၂)ဖွဲ့ စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးတော့ ၁၉၅၈ ခုနှစ်ကနေပြီး ၁၉၆၁ ခုနှစ်အတွင်းမှာ ဆိုလို့ရှိရင်တော့ ကျောင်းကျန်းမာရေးအဖွဲ့(၂၂)ဖွဲ့ကို တိုးချဲ့ပြီးတော့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၁၉၈၁ ခုနှစ်မှာ ကျောင်းကျန်းမာရေးအဖွဲ့ (၇၂)ခုဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့ပြီး မြို့နယ်(၅၁) မြို့နယ်အထိ တိုးချဲ့ဖွဲ့စည်းနိုင်သည့် အနေအထားမျိုးကို တွေ့ရပါတယ်။ ဒီလိုဆက်လက်ဆောင်ရွက်ခဲ့တဲ့ နေရာမှာ ပညာရေးဝန်ကြီးဌာနနဲ့ ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီးတော့ ဗဟိုအဆင့်၊ တိုင်းဒေသကြီး ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ကျောင်းကျန်းမာရေးကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းပြီးတော့ ကျောင်းကျန်းမာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့တဲ့ နေရာမှာလည်း ပညာရေးဝန်ကြီးဌာနသာမက ကျန်းမာရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးအဖွဲ့များ၊ မိခင်နဲ့ကလေးစောင့်ရှောက်ရေးအဖွဲ့များနဲ့ အခြေခံကျန်းမာရေးဝန်ထမ်းများရဲ့ ကူညီပံ့ပိုးမှုများဖြင့် လိုအပ်ချက်များကို တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ၁၉၉၆ ခုနှစ်မှာ စတင်ပြီးတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ကမ္ဘာ့တစ်ဝှမ်းလုံးမှာ ကျောင်းကျန်းမာရေးလုပ်ငန်းကို အရှိန်အဟုန်မြင့် ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း ၁၉၂၁ ခုနှစ်ကစပြီး စဉ်ဆက်မပြတ် ၁၉၉၆ ခုနှစ်မှာကျတော့ ကျောင်းကျန်းမာရေးအဆင့်မြင့် ကျောင်းများထူထောင်ရေးစီမံချက်ဆိုပြီးတော့ ရေးဆွဲပြီးတော့ ညှိနှိုင်းဆွေးနွေးပွဲတွေ လုပ်တယ်။ သင်တန်းများပေးအပ်ခြင်းနှင့် လိုအပ်သော ပြင်ဆင်ချက်များကို ဆောင်ရွက်ခဲ့ပြီးတော့ ၁၉၉၈ ခုနှစ်မှာ မြို့နယ်(၉၁)မှာ စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ ယခုလက်ရှိအနေအထားမှာတော့ မြို့နယ်အားလုံးသို့ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ကျောင်း ကျန်းမာရေးဆိုရင် ကျွန်တော်တို့ သဘောတရားအရေးနဲ့ လက်တွေ့ဆောင်ရွက်တဲ့အပိုင်းလို့ (၂)ပိုင်း ခွဲခြားသိမြင်ရမှာဖြစ်ပါတယ်။ အဲဒီတော့ သဘောတရားရေးရာကို ဘယ်တွေမှာ ကျွန်တော်တို့က သင်ကြားပို့ချနေသလဲ။ ဘယ်သူတွေကို သင်တန်းပေးနေသလဲဆိုရင် ဆရာ/ဆရာမများဟာ ကျောင်းသား များအတွက် အရေးပါလှတဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေ ဖြစ်ကြတဲ့အတွက် ဒီ အလယ်တန်း ကျောင်း၊ အထက်တန်းကျောင်း၊ မူလတန်း ကျောင်းက ဆရာ/ဆရာမတွေကို အဓိကမွေးထုတ်ပေးနေတဲ့ ပညာရေးကောလိပ်တွေ၊ ပညာရေးတက္ကသိုလ်တွေမှာ ကျွန်တော်တို့ဟာ ကျန်းမာရေးလုပ်ငန်းရဲ့ သဘောတရားများကို သင်ကြားပို့ချလျက် ရှိပါတယ်။ အဲဒီ့အပြင် မြို့နယ်အလိုက် ဖွင့်လှစ်ပေးတဲ့ ကျန်းမာရေးအဆင့်မြင့်ကျောင်းထူထောင်ရေးသင်တန်းများမှာ လည်းကောင်း၊ ဗဟိုဝန်ထမ်း တက္ကသိုလ်များမှာပို့ချတဲ့ အလယ်တန်း နဲ့ အထက်တန်း ဆရာ/ဆရာမများရဲ့ အထူးမွမ်းမံသင်တန်း များမှာလည်းကောင်း သင်ကြားပို့ချလျက် ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ သဘောတရားပို့ချတဲ့ အပိုင်းဖြစ်ပါတယ်။ အဲဒီ့တော့ သဘောတရားပို့ချတဲ့အပိုင်းကို လက်တွေ့ဆောင်ရွက်ဖို့ကတော့ ပညာရေးဝန်ကြီးဌာနသာမက

ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ကျွန်တော်တို့ဟာ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်သွားဦးမှာ ဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့က ကျောင်းသားများကို အသိပညာပေးနေတဲ့ ဆရာ/ဆရာမတွေ သဘောတရားနဲ့ အသိပညာပေါင်းစပ်ပေးဖို့ သင်တန်းပေးတဲ့ အခြေအနေကို တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ ဒီလိုပဲ ကျောင်းသားလူငယ်များဟာ ဖတ်စာအုပ်ကနေပြီးတော့ ကျန်းမာရေးဆိုင်ရာသင်ခန်းစာများကို ကျက်မှတ်သင်ကြားပြီး လက်တွေ့လုပ်ကိုင်ခြင်း အလေ့အထများ ရရှိရန် လိုအပ်တဲ့ အရေအတွက်အဖြစ် ဆရာ/ဆရာမများအနေနဲ့ ကျောင်းသားလူငယ်တွေကို သင်ခန်းစာနဲ့ လက်တွေ့ ဆက်စပ်ဖြစ်ထွန်းမှုကို သိရှိနားလည်သဘောပေါက်အောင် ပြုစုပျိုးထောင်သွားနိုင်ရေးလည်း မိဘနဲ့ဆရာပူးပေါင်းပြီး လေ့ကျင့်ဆောင်ရွက်သွားနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြရရင် မိဘတွေရဲ့ အရေးကဏ္ဍကလည်း ပါဝင်ကြောင်း ကို ဒါကျွန်တော်တို့ ဆေးပညာဝန်ထမ်းများက ကျွန်တော်တို့ထက်ပိုသိမှာပါ။ အားလုံးကတော့ ကျောင်းရောက်မှပဲ ကျောင်းကျန်းမာရေးလုပ်ငန်းတွေကို၊ ကျောင်းကျန်းမာရေးအသိတွေကို သိကြရမယ် ယူဆနေကြပါတယ်။ တကယ့် တကယ်တော့ ခိုင်မာတဲ့ သုတေသီများအဆိုအရ ဆိုရင်တော့ တကယ့် တကယ်တော့ ကလေးတွေဟာ ဒါ မိခင်ရဲ့ ဝမ်းကြာတိုက်အတွင်းထဲက သူတို့က စတင်လေ့ကျင်သင်ကြား နိုင်ပြီလို့ သုတေသီများရဲ့ လေ့လာသိရှိချက်တွေက ပြနေပါတယ်။ အဲဒီလိုပဲ ကလေးတွေရဲ့ ဦးနှောက်က မွေးကင်းစကနေ(၂)နှစ်အတွင်းမှာ တောက်လျှောက်ဖွံ့ဖြိုးကြီးထွားတယ်ဆိုတာ အခုမေးတဲ့ ကိုယ်စားလှယ်တော်ကြီးလည်း ကျန်းမာရေးဝန်ထမ်းဖြစ်ခဲ့ဖူးမယ့်အတွက် ယုံကြည်တဲ့အတွက် ကျွန်တော်ဒါပိုသိမယ်လို့ ယူဆပါတယ်။ တကယ့် တကယ်တော့ ကျောင်းရောက်မှ (၅)နှစ်မှဆိုတာဟာ အနည်းငယ်နောက်ကျနေပြီလို့ပြောနိုင်ပါတယ်။ အဲဒီတော့ (၂)နှစ်အတွင်းမှာသာ ကလေးတွေဟာ ဘာတွေကို သင်ကြားနိုင်သလဲဆိုတော့ မိဘတွေရဲ့ အပြုအမူ၊ အားလုံးသိကြပြီးတဲ့အတိုင်း ဒါမိခင်ရဲ့ ကလေးတွေကို သန့်ရှင်းတဲ့ နို့ရေတိုက်ကျွေးရမယ်လို့ ပြောပေမယ့် ဒါ ဖခင်ရဲ့ ကိုယ်ရဲ့ ဘတ်တီးရီးယားတွေကိုတော့ ဒီကလေးသူငယ်တွေဟာ ခံနိုင်စွမ်းမရှိဘူးဆိုတာလည်း မိဘတွေမှာ အသိရှိတာ ဖြစ်ပါတယ်။ ဒါတွေကို ဘာပြုလို့ တင်ပြနေရသလဲဆိုတော့ လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယမိနဲ့ဘ ဆိုသလို မိဘများဟာလည်း ဒီ ကျန်းမာရေးအလေ့အကျင့်တွေကို ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ရမှာလည်း လိုအပ်ပါတယ်လို့ ဒါကျွန်တော်အနေနဲ့ ဖြည့်စွက်တင်ပြလိုခြင်း ဖြစ်ပါတယ်။

တင်ပြထားတဲ့အထဲမှာလည်း ကျောင်းရောက်တဲ့အခါမှာ ဒီအလေ့အကျင့်ကောင်းတွေ ပေးရမယ် ဆိုတာထက် ပိုပြီးတော့ မွေးကင်းစကနေပြီးတော့ ဒါကလေးတွေဟာ သူတို့က ကြားတာနဲ့ သင်ပါတယ်။ နားနဲ့ သင်ပါတယ်။ အဲဒီ့ အပြင် ခုခေတ်ကလည်း မာဒီမီဒီယာခေတ်ဖြစ်တဲ့အတွက် ဒါ တီဗွီ အသံနဲ့ နားထောင်ပါတယ်။ အာရုံ(၅)ပါးနဲ့ သင်ယူပါတယ်။ ဒီ အာရုံ(၅)ပါးဆိုတာလည်း အတွေ့၊ အထိ၊ အနံ့၊ အရသာ အားလုံးနဲ့ ကလေးတွေဟာ သင်ယူတာဖြစ်တဲ့အတွက် သုတေသီများရဲ့ သုတေသနတွေ့ရှိချက်ကို အခြေခံပြီး တင်ပြလိုခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ ကျန်းမာရေးလုပ်ငန်းများကို ခုန ကျောင်းမှာ တင်မကဘဲနဲ့ မွေးကင်းစအရွယ်ကပင် မိဘများရော ပါဝင်ဆောင်ရွက်ကြဖို့လိုမယ်ဆိုတာလေးကို ဖြည့်စွက်ပြီးတော့တင်ပြလိုခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ မျိုးဆက်သစ်ကျောင်းသားလူငယ်များရဲ့ ကျန်းမာကြံ့ခိုင်ရေးအတွက် အရေးပါလှတဲ့ ကျောင်းကျန်းမာရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အဖွဲ့အစည်းများနဲ့ မိဘပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ စုပေါင်းဆောင်ရွက်ကြရမယ့် လုပ်ငန်းစဉ်တစ်ရပ်ဆိုပြီးတော့ တင်ပြအပ်ပါတယ်။ အဲဒီလို အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် ကျွန်တော်တို့ဟာ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း မဖြစ်ရလေအောင် ကျွန်တော်တို့က ကျောင်းများအားလုံးကို ကျွန်တော်တို့က ကျောင်းကျန်းမာရေး လက်စွဲစာအုပ်၊ အားလုံးကို တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကိုရေးဆွဲပြီးတော့ ကျွန်တော်တို့က ဒီအတိုင်းပါ အားလုံးရဲ့ ဆရာ/ဆရာမတွေရဲ့ တာဝန်ဝတ္တရား ကျောင်းသားများတွေ ဘယ်လိုလေ့လာရမယ်ဆိုတာကို ကျွန်တော်တို့ ဖြန့်ဝေပြီးဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော်ကို တင်ပြလိုခြင်း ဖြစ်ပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ ကလေးများအတွက် ဘဝတစ်သက်တာ ကျွမ်းကျင်စရာ Life Skill Education ဘာသာရပ်ဟာလည်း ဖြည့်စွက်သင်ကြားပေးလျက် ရှိပါတယ်။ ဒါတွေကတော့ သဘောတရားပိုင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ အပိုင်းလေးတွေကို တင်ပြလိုခြင်း ဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနက ပညာရေးစီမံကိန်းနဲ့လေ့ကျင့်ရေး ဦးစီးဌာနက တာဝန်ခံပြီးတော့ အခြေခံပညာဦးစီးဌာန အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)နဲ့ UNICEF ၊ ဒီမှာတော့ ကျွန်တော်တို့ အင်္ဂလိပ်လို သုံးခွင့်ပြုပါခင်ဗျား။ Wash Section တို့ ပူးပေါင်းဆောင်ရွက်ပြီးတော့ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးနဲ့ ကျန်းမာရေးပညာပေးလုပ်ငန်းများမှာ အခြေခံပညာကျောင်းများကို ကျွန်တော်တို့ ယူနီဆက်ရဲ့ အထောက်အပံ့နဲ့ ကျောင်းအိမ်သာများ ဆောက်လုပ်ပေးခြင်း၊ ရေကောင်းရေသန့်ရရှိအောင် စီစဉ်ပေးခြင်း၊ ပညာပေးသတင်းအချက်အလက်များ၊ ဆက်သွယ်ပေးသည့် ပစ္စည်းများပါဝင်တဲ့ ကျန်းမာရေးမြှင့်တင်သည့် Board ထုတ်လုပ်ခြင်း၊ ဖြန့်ဝေခြင်းနဲ့ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ လက်ဆေးပွဲတော်များကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အားလုံးကိုယ်စားလှယ်တော်ကြီးများ ဒါဆွေးနွေးတင်ပြတဲ့အတိုင်း ကျောင်းကျန်းမာရေးဟာလည်း ဒါအရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ဒီ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနနဲ့ ယခင့် ယခင်ကပင် အလေးထားဆောင်ရွက်ပြီး ယခုလည်း ဆောင်ရွက်ဆဲ၊ ဆက်လက်လည်း ဆောင်ရွက်သွားအုန်းမှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့ နေရာမှာလည်း အရွယ်အလိုက် အသိပညာရရှိဖို့အတွက်ကလည်း အလွန်အင်မတန် အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ပညာပေးသတင်းအချက်အလက်များ ဆက်သွယ်ပေးတဲ့ စနစ်များဖြစ်တဲ့ ပုံပြင်၊ ကာတွန်း၊ လက်ကမ်းစာစောင်၊ လေ့ကျင့်ခန်းစာအုပ်၊ ဆရာလက်စွဲ၊ ရုပ်လန်ကားချပ်စတဲ့ သူတို့ သင်ထောက်ကူပစ္စည်းများကို ပညာရေးဝန်ကြီးဌာနနဲ့ ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြုစုရေးသားထားခဲ့ခြင်း ဖြစ်ပါတယ်။ ဒ့ါအပြင်ခုန ကျောင်းသားများကို အဓိက ကျန်းမာရေးပညာပေးနိုင်တဲ့ ပညာရေးကောလိပ်များမှာ ဆရာ/ဆရာမတွေ သင်ယူရာမှာလည်း ကျန်းမာရေး မြှင့်တင် Board များကို ဖြန့်ဝေပြီးတော့ လုပ်ငန်းခွင်ကြို ဆရာအတတ်သင် ကျွမ်းကျင်မှု ဒီပလိုမာ သင်တန်းများ အတွက်လည်း သင်တန်းသားများ ကျောင်းသို့ရောက်ရှိသည့် အခါမှာ သင်ကြားသင်ယူမှု ထိရောက်စေရန်အတွက် အဲဒီ့ကျန်းမာရေး မြှင့်တင်မှု Board တွေကို ဘယ်လိုသုံးရမယ်ဆိုတာ သိရှိနိုင်အောင် သင်ရိုးညွှန်းတမ်းထဲမှာ ထည့်သွင်းပြဋ္ဌာန်းထားကြောင်း ဒါ ဖြည့်စွက်တင်ပြလိုပါတယ်။ ဒါတွေဟာ သဘောတရားရေးရာနဲ့ awareness သူတို့ကို ဒါပေးနေတဲ့ အပိုင်းလေးကို တင်ပြခြင်း ဖြစ်ပါတယ်။ ဒ့ါအပြင် လက်တွေ့ဆောင်ရွက်ခြင်းရော မရှိဘူးလား။ မစဉ်းစားဘူးလားလို့ မေးခဲ့ရင်တော့ ကျွန်တော်တို့

အခြေခံပညာဦးစီးဌာနရဲ့ အစီအစဉ်တွေနဲ့ ရေသန့်ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနဲ့ ကျောင်းဆောင်များဆောက်လုပ်ရာမှာ အိမ်သာများကို တစ်ပါတည်းထည့်သွင်းဆောက်လုပ်စေခြင်းများကို စီမံဆောင်ရွက်လျက် ရှိပါတယ်။ ယခင်ကတော့ (၇၅)ယောက်ကို (၁)ခုနှုန်း၊ အခုကတော့ ကျောင်းသား (၅၀)ကို ရေလောင်းအိမ်သာ (၁)ခုနှုန်း၊ အဲဒီ့အပြင် ကျွန်တော်တို့က ဘယ်လောက်အထိ ဒီ အခြေခံကျတဲ့ မြို့နယ်ပညာရေးမှူးတွေ၊ ကျောင်းအုပ်ဆရာ/ဆရာမကြီးတွေကို ဘယ်လောက်အထိ ဆွေးနွေးသလဲဆိုရင် တစ်နေ့မှာ လူတစ်ယောက်ဆိုရင် ရေဘယ်နှစ်ဂါလံ သုံးပါသလဲ။ ဥပမာအားဖြင့် (၁၀)ဂါလံသုံးပါတယ်။ ဒါဆိုရင် ကိုယ်မှာ ကျောင်းသား အရေအတွက်ကဘယ်လောက်ရှိပါသလဲ။ မြောက်လိုက်ပါ။ ဒါဒီမှာ ရရှိတဲ့ အဝီစိတွင်းရဲ့ ထွက်နိုင်တဲ့အားနဲ့ overhead Tank လို့ခေါ်တဲ့ ကျွန်တော်တို့အပေါ် ရေတင်စင်ကို ဘယ်လောက်ထားမှာလဲ။ ကျွန်တော်တို့အောက်မှာ ရေသိုလှောင်နိုင်ဖို့အတွက် ကန်ဘယ်လောက် အကျယ်ထားရမယ်ဆိုတာကို စနစ်တကျ စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်ခဲ့တဲ့ အနေအထားဖြစ်ပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ အားလုံးသိတဲ့အတိုင်းပဲ ပညာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ကျောင်းများဟာ များပြားကျယ်ပြန့်လွန်းတဲ့အတွက် အားလုံးပူးပေါင်းမှသာ ရရှိမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဆက်လက်ပြီးတော့ ကျွန်တော်ရဲ့ ရှင်းလင်းချက်ကို တင်ပြရရင် ခုနက အခြေခံပညာကျောင်းများမှာ ရေကောင်းရေသန့်ရရှိနိုင်ရေးအတွက် အခွင့်အလမ်းများရရှိနိုင်ဖို့အတွက် ကျွန်တော်တို့က သာမန် အသုံးစရိတ် ဒါ 04-02 နဲ့ ဒါ 04-09 ဆိုတာကတော့ သည်းခံခွင့်လွှတ်ပါခင်ဗျား။ ဒါကတော့ ငွေ စာရင်းခေါင်းစဉ်တွေကို တင်ပြခြင်း ဖြစ်ပါတယ်။ တိတိကျကျလေး တင်ပြချင်တဲ့အတွက် ငွေစာရင်း ခေါင်းစဉ်များနှင့်တကွ ကျွန်တော်တင်ပြခြင်း ဖြစ်ပါတယ်။

ရန်ပုံငွေ ခေါင်းစဉ်အောက်ကနေပြီးတော့ ကျွန်တော်တို့ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လမှာ အပြီး ကျွန်တော်တို့ ဒါ ပြီးအောင် စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက် ရှိပါတယ်။ အဲဒီအခါမှာကျတော့ ကျွန်တော်တို့က ဘာတွေကို အခြေခံပါသလဲဆိုတော့ အရင်ဆုံး ဒါတွေကို Implementation လုပ်မယ်ဆိုရင် ကျွန်တော်တို့က Data အချက်အလက်တွေကို ပိုမိုပြီး ခိုင်မာတဲ့ အချက်အလက်တွေ ရရှိဖို့ လိုပါတယ်။ အဲဒီအခါမှာ ဘာတွေကို ကျွန်တော်တို့ ဆန်းစစ်ခိုင်းသလဲ ဆိုရင် ကျောင်းအလိုက် ရေအရင်းအမြစ်ဘယ်လိုရနိုင်သလဲ၊ ရနိုင်တဲ့ အမျိုးအစားကဘယ်လိုလဲ။ ရေသန့်လုပ်ရင် ကျွန်တော်တို့က ဘယ်လောက် (ရွေ့တတင်း) ခံရမှာလဲ။ ဒါတွေကအစ ကျွန်တော်တို့ ရေစု ကန် Ground Tank ရှိမှာလား။ ဒါမှမဟုတ်ရင် ရေစင်နဲ့ overhead Tank တွေ ရှိ၊မရှိ။ ရေမှုတ်စက်နဲ့ ရေ တင်စက်များ ရှိ၊မရှိ။ ပိုက်လိုင်းစသော စနစ် လိုအပ်သည့် အချက်အလက်များလည်း စုစည်းလျက် ရှိပါ တယ်။

အဲဒီတော့ အချို့ကျောင်းတွေမှာတော့ အစိတ်အပိုင်းအလိုက် ခန့်မှန်းကုန်ကျငွေတွေကိုလည်း ကြိုတင်တွက်ချက်ပြီးတော့ ချက်ခြင်းချပေးသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ မရှိသေးတဲ့စနစ်အပိုင်းတွေကို ကျွန်တော်တို့ ဖြည့်စွက်သွားမယ်။ တစ်ချို့ဟာတွေက အစိတ်အပိုင်းအချို့ပဲ လိုတာဖြစ်တဲ့အတွက် ဒါတွေလည်း တစ်ချို့ဟာလည်း ဆောင်ရွက်ခဲ့ပြီး၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်လို့ ဒါကျွန်တော်တို့ တင်ပြလိုခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီလိုတပ်ဆင်တဲ့ အခါမှာတော့ ဒီ ရေရရှိရေးအတွက် ကျွန်တော်တို့တွေ အဝီစိတွင်းတွေ တူးရပါတယ်။ ဒီရေစုကန်တွေ overhead Tank ရော၊ မြေအောက်ရေစုကန်တွေရော ဆောင်ရွက်တဲ့အခါမှာ ရရှိတဲ့ ဘဏ္ဍာရေး

အခြေအနေအရကတော့ ဦးစီးပေးအစီအစဉ်နဲ့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြည့်စွက်တင်ပြလိုပါတယ်။

အဲဒီတော့ ရေရှားပါးတဲ့ ဒေသတွေကျတော့ ကျွန်တော်တို့ ဘယ်လိုများ ဆောင်ရွက်ခဲ့သလဲဆိုရင် ကျွန်တော်တို့ ရေရှားပါးတဲ့ ဒေသတွေ၊ တောင်ပေါ်ဒေသတွေမှာဆိုရင် တိုင်းဒေသကြီး ပြည်နယ်အစိုးရ အဖွဲ့ရဲ့ အစီအစဉ်နဲ့ ပညာရေးဝန်ကြီးဌာနနဲ့ UNICEF၊ UNDP၊ Save the children အဖွဲ့များနဲ့ ပူးပေါင်းပြီးတော့ တောင်ပေါ်စိမ့်စမ်းရေထွက်တဲ့နေရာမှာ ရေစုကန်တွေ တည်ဆောက်ပါတယ်။ အဲဒီကနေပြီးတော့မှ ရေပိုက်များဖြင့် ပို့လွှတ်ပြီးတော့ သန့်ရှင်းသောသောက်ရေနှင့်သုံးရေ ရအောင် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဒါကျွန်တော့်အနေနဲ့ တင်ပြလိုခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းပြီးတော့ အခြေခံပညာကျောင်းများမှာ ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီမံပြီးတော့ ဆောင်ရွက်လျက်ရှိနေပါတယ်။

အဲဒီတော့ စောစောက ကျွန်တော်သမိုင်းကြောင်းလေး တင်ခဲ့တာ ၁၉၂၁ ကစပြီးတော့ တောက်လျှောက်က အခုကျောင်းကျန်းမာရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ပြီး တော့ဆောင်ရွက်ခဲ့တဲ့ အနေအထားလေးကို တင်ပြလိုပါတယ်။ ကျောင်းကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်နိုင်ဖို့အတွက် ယင်လုံအိမ်သာများဆောက်လုပ်ခြင်း၊ သန့်ရှင်းသောသောက်ရေ၊ သုံးရေရရှိအောင် ဆောင်ရွက်လျက်၊ ဆောင်ရွက်ခဲ့၊ ဆောင်ရွက်မှာ ဖြစ်ပါတယ်ဆိုတဲ့အကြောင်းကို ကိုယ်စားလှယ်တော်ကြီး အဆိုတင်သွင်းခဲ့တဲ့အတိုင်း မှတ်တမ်းတင်သွင်းသင့်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၄။**

**ဥက္ကဋ္ဌ**။ ။ မူလအဆိုရှင် ဒေါက်တာခင်မောင်လေး က မှတ်တမ်းတင်ဖို့ သဘောတူ၊ မတူ။

**အချိန်၊ ၁၂း၀၄။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဝန်ကြီးရဲ့ ရှင်းလင်းတင်ပြချက်တော်တော်များများဟာ တကယ့်တကယ်တော့ သဘောတရားရော၊ လက်တွေ့ပိုင်းရော ရှင်းလင်းတင်ပြသွားတာတွေ့ရပေမယ့် သဘောတရားပိုင်းက အင်မတန်မှကောင်းမွန်တဲ့ သဘောတရားများလည်း ဖြစ်ပါတယ်။ ကျွန်တော် ဒီနေရာမှာ တစ်ခုဆွေးနွေးချင်တာက ကျွန်တော်တို့ ဒီကျောင်းကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ ထဲထဲဝင်ဝင်လုပ်ခဲ့တဲ့အတွေ့အကြုံလည်း ကျွန်တော်မှာ ရှိပါတယ်။ နောက်တစ်ခါ ကျွန်တော့်ရဲ့ဝန်ထမ်းကာလတစ်လျှောက်လုံးမှာတင် မကဘဲနဲ့ အခုကျွန်တော်တို့ ဒီပိုင်းမှာတော့ တစ်နိုင်ငံလုံးမှာ၊ တစ်နံတစ်လျားမှာ သွားလာဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံတွေလည်း ကျွန်တော့်မှာ အများကြီးရှိပါတယ်။

အဲဒီတော့ ဝန်ကြီးတင်ပြသွားသလို လုပ်ဆောင်နေတယ်ဆိုတဲ့ အချက်တွေထဲမှာလည်း ဒါတွေဟာလည်းပဲ မှန်သင့်သလောက်မှန်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကလည်း ဒီဥစ္စာကို ကျွန်တော့်ရဲ့အဆိုထဲမှာ ပါပါတယ်။ စီမံကိန်းများလုပ်ဆောင်တယ်ဆိုတဲ့ နေရာမှာလည်းပဲ တကယ့်တကယ့်

ကျတော့ ကျွန်တော်တို့ရှိနေတဲ့ တစ်တိုင်းပြည်လုံးမှာရှိတဲ့ ကျွန်တော်တို့ ကျောင်းအားလုံးရဲ့ ရေကောင်း ရေသန့်မရှိတဲ့ Problem အတိုင်းအတာ ဘယ်လောက်ရှိသလဲ။ ပထမဦးဆုံးကတော့ Identify လုပ်ရ ပါမယ်။ နောက်တစ်ခုနေရာမှာ ဒီ Problem နေရာမှာ မူတည်ပြီးတော့မှ သူ့ရဲ့ရရှိနိုင်တဲ့ ရေကောင်း ရေသန့်အလိုက် Problem Itendevice Pre-Testion လုပ်ရပါမယ်။ နောက်ကျတော့အခါမှ ကျွန်တော်တို့ Resource Location တွေလုပ်ရင်းနဲ့သာ ကျွန်တော့်အနေနဲ့ အဆိုအပေါ်မှာ တင်ပြ သွားတာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကလည်း ဒါကို အမျိုးသားရေးအသိဖြင့် တင်ပြခဲ့ခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော် ပျော်ဘွယ်မြို့နယ်ရဲ့ အတွေ့အကြုံအရ ကျွန်တော်တို့ အဲဒီအချိန် မှာတုန်းက ကျွန်တော်တို့ တီထွင်ခဲ့တဲ့ အမျိုးသားရေး ကျန်းမာရေးအစ စာသင်ကျောင်းက ဆိုတဲ့ တပ်မတော် အစိုးရလက်ထက်မှာလည်း ကျွန်တော်တို့နိုင်ငံတော်မှာရှိတဲ့ တာမွေမြို့နယ်ရဲ့စံပြကျောင်း ဆုချီးမြှင့် ပွဲမှာ ဒီအချိန်က တာဝန်ခံဖြစ်တဲ့ ဗိုလ်ချုပ်မျိုးညွန့်ကိုယ်တိုင် ကျွန်တော်တို့ ပျော်ဘွယ်မြို့ရဲ့ (slogan) ကိုသုံးသွားပါတယ်။ အဲဒီတော့တစ်ခါပြန်ပြီးတော့ ပုဗ္ဗာစရိယမိနှင့်ဘ ဆိုတဲ့အတိုင်းပဲ ကလေးသူငယ် များကိုပြုစုပျိုးထောင်တဲ့နေရာမှာလည်းပဲ ကျွန်တော်တို့မိဘများကိုပညာပေးမလား၊ ဘာလို့လဲဆိုရင် ကျန်းမာရေးနဲ့ပတ်သက်လာလို့ရှိရင် တစ်နိုင်ငံလုံးက၊ လူထုအားလုံးက လက်ခံနိုင်ရမယ်။ ပညာပေး ခြင်းအားဖြင့် ကျွန်တော်တို့တစ်ချိန်တုန်းက ဒီဥစ္စာကို ကုလသမဂ္ဂ နဲ့ပေါင်းသင်းပြီးတော့ အကောင် အထည်ဖော်တယ်ဆိုတဲ့နေရာမှာ ကလေးမှကလေးသို့ ထပ်ဆင့်ပွား၊ မိဘဆွေမျိုးများထံ ရောက်စေ သားဆိုတဲ့ ရီထရီစပက်တစ် ကျွန်တော်တို့ Education ဆိုတာပေါ့။ ဒီဥစ္စာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒါအကောင်အထည်ဖော်ခဲ့ဖူးပါတယ်။

အဲဒီတော့ ကျွန်တော့်တို့အနေနဲ့ကတော့ ဒီဥစ္စာဟာ အမျိုးသားရေးအသိစိတ်ဓာတ်အနေနဲ့ ဒီဥစ္စာဟာ စီမံကိန်းများချမှတ်ထားပြီးတော့ ဆောင်ရွက်သင့်တယ်။ ဆောင်ရွက်တဲ့နေရာမှာလည်းပဲ အခုနပြောတဲ့ ယခင်တုန်းကလည်းပဲ စီမံကိန်းများမရှိခဲ့ဘူး။ မရှိခဲ့တဲ့အတွက် ဒီ ဥစ္စာသည် နှစ်တို ဖြစ်ရင်လည်း ဖြစ်မယ်၊ နှစ်ရှည်ဖြစ်ရင်လည်းဖြစ်မယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့အဆိုဟာ အမျိုးသားရေးစိတ်ဓာတ်နဲ့တင်ပြတဲ့အဆိုဖြစ်တဲ့အတွက်ကြောင့် စီမံကိန်းများချမှတ်ရန် ဆောင်ရွက်ပေး သင့်တဲ့အဆိုဖြစ်သည့်အတွက်ကြောင့် လွှတ်တော်ကသာလျှင် အဆုံးအဖြတ် ပေးသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၂း၀၄။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး တင်သွင်းတဲ့ အခြေခံပညာကျောင်း အားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် သန့်ရှင်းသော သောက်ရေနှင့်သုံးရေ လုံလောက်စွာရရှိရေး နိုင်ငံတော်မှ စီမံကိန်းများချမှတ် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန် သဘောတူ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာမှာ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၉၄) မဲ၊ ကန့်ကွက်မဲ (၃) မဲ၊ ကြားနေမဲ (၅၉) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဒေါက်တာခင်မောင်လေး ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယန်ကျင်းမြို့တွင် ကျင်းပပြုလုပ်သော (၁၁)ကြိမ်မြောက် AIPA မူးယစ်ဆေးဝါး အန္တရာယ်တိုက်ဖျက်ရေးဆိုင်ရာ အချက်အလက်ရှာဖွေရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်ခဲ့သော အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်တင် ခေါင်းဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်ဆောင်ရွက်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂း၀၉။**

**ဥက္ကဋ္ဌ။** ။အစီအစဉ် (၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးညွန့်တင် ခေါင်းဆောင်သော မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယန်ကျင်းမြို့တွင် ကျင်းပပြုလုပ်သော (၁၁)ကြိမ်မြောက် AIPA မူးယစ်ဆေးဝါးအန္တရာယ်တိုက်ဖျက်ရေးဆိုင်ရာ အချက်အလက် ရှာဖွေရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်ဆောင်ရွက်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယန်ကျင်းမြို့တွင် ကျင်းပပြုလုပ်သော (၁၁)ကြိမ်မြောက် AIPA မူးယစ်ဆေးဝါး အန္တရာယ်တိုက်ဖျက်ရေးဆိုင်ရာ အချက်အလက် ရှာဖွေရေးကော်မတီ အစည်းအဝေး သို့တက်ရောက်ခဲ့သော အမျိုးသား လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်တင် ခေါင်းဆောင်သော မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်ဆောင်ရွက်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြား တင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးညွန့်တင် ခေါင်းဆောင်သော မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယန်ကျင်းမြို့တွင် ကျင်းပပြုလုပ်သော (၁၁)ကြိမ်မြောက် AIPA မူးယစ်ဆေးဝါးအန္တရာယ်တိုက်ဖျက်ရေးဆိုင်ရာ အချက်အလက် ရှာဖွေရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်ခဲ့တဲ့ ခရီးစဉ်ဆောင်ရွက်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၀။**

**ဦးညွန့်တင် (အဖွဲ့ဝင်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ဆက်အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယန်ကျင်းမြို့မှာ ကျင်းပတဲ့ (၁၁)ကြိမ်မြောက် AIPA မူးယစ်ဆေးဝါးအန္တရာယ်တိုက်ဖျက်ရေးဆိုင်ရာ အချက်အလက် ရှာဖွေရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်ခဲ့သော အစီရင်ခံစာကို ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။ အချိန်ကိုလေးစားသောအားဖြင့် ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးများရဲ့ တာဝန်ပေးချက်အရ ကျွန်တော် ခေါင်းဆောင်တဲ့ အဖွဲ့ဝင် (၃)ဦးက အစည်းအဝေးကို သွားရောက်တက်ခဲ့ပါတယ်။ အဲဒီအစည်းအဝေးရဲ့ Theme ပေါ့ Theme ကတော့ အချို့ အင်္ဂလိပ်စာအသုံးအနှုန်း အနည်းငယ် ခွင့်ပြုပေးပါရန် ပန်ကြားအပ်ပါတယ်။ Enhancing Parliamentary Cooperation for a Drug Free ASEAN Community မူးယစ်ဆေးဝါးကင်းစင်သော အာဆီယံအသိုက်အဝန်း ဖြစ်စေရန် အာဆီယံပါလီမန်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုတဲ့ Theme ဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ဒီအစည်းအဝေးတက်ရောက်ပြီးတော့ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှု အခြေအနေကို တင်ပြဖို့ ဖြစ်ပါ တယ်။ ဒီအစည်းအဝေးက AIFOCOM အစည်းအဝေးက နှစ်တိုင်း ကျင်းပလာတာ ဖြစ်ပါတယ်။ (၁၁)ကြိမ်မြောက်ပါပြီ။ ကျွန်တော်တို့ကသာ အခု အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ယခင်နာယကဘဝက အာဆီယံ AIPA အဖွဲ့ဝင် ဖြစ်ပြီးမှကျွန်တော်တို့က တက်ရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့ကတော့ ရည်ရွယ်ချက်ကတော့ အာဆီယံထဲမှာ မူးယစ်ဆေးဝါးကင်းစင်ဖို့ အတွက် AIPA ကနေပြီးတော့ ဦးဆောင်ပြီးတော့ ဆောင်ရွက်တာ ဖြစ်ပါတယ်။ ကိုယ်စားလှယ် အဖွဲ့ကတော့ ကျွန်တော်နဲ့အတူ ပြည်သူ့လွှတ်တော်က ဒေါက်တာခင်မောင်ဆွေ နောက် ဝန်ထမ်းဖြစ်တဲ့ ဒေါက်တာမြတ်စိုး တို့ ပါပါတယ်။ ကျွန်တော်တို့ ခရီးစဉ်ကတော့ ဘန်ကောက်ကတစ်ဆင့် ထွက်ခွာ သွားတာ ဖြစ်ပါတယ်။ နောက် လာအိုဒေသ စံတော်ချိန် ည ၉ နာရီလောက်မှာ ရောက်ပါတယ်။ အဲဒီတော့ AIFOCOM အစည်းအဝေးကတော့ မေလ ၁၃ ရက်နေ့မှာ လာအို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ AIPA ဥက္ကဋ္ဌ လည်းဖြစ်တဲ့ H.E. Madam Pany Yathotou ကို ကျွန်တော်တို့ ဂါရဝပြု နှုတ်ဆက်ပါတယ်။ အဲဒီမှာ AIFOCOM ရဲ့ အစည်းအဝေး ဖွင့်ပွဲကတော့ ၉ နာရီမှာ စပါတယ်။ အဲဒီမှာ AIPA အထွေထွေအတွင်းရေးမှူးချုပ်က AIFOCOM နဲ့ပတ်သက်တဲ့ ဆိုင်ရာ ကိစ္စရပ်တွေကို ပြောပါတယ်။ ပြီးတော့ AIPA ဥက္ကဋ္ဌ က အဖွင့်အမှာစကား ပြောပါတယ်။

အစည်းအဝေးရဲ့ ပထမပိုင်းကိုတော့ ၁၀ နာရီ ၁၅ မှာစပြီးတော့ AIPA ဥက္ကဋ္ဌကနေပြီးတော့ မိန့်ခွန်းပြောပါတယ်။ နောက် ဒုတိယဥက္ကဋ္ဌအဖြစ် မလေးရှားနိုင်ငံက ဆောင်ရွက်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ သဘာပတိတွေ ခန့်ပါတယ်။ သဘာပတိအဖြစ် လာအိုအမျိုးသားလွှတ်တော် လူမှုယဉ်ကျေးမှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌ လုပ်ပြီးတော့ ဒုတိယ သဘာပတိအဖြစ် မလေးရှားနိုင်ငံ Dr Mansor Bin ABD က လုပ်ပါတယ်။ ဒါ မလေးရှားက ဘာကြောင့် လုပ်သလဲ ဆိုတော့ AIFOCOM တာဝန်ခံလုပ်ရမှာ မလေးရှားဖြစ်တဲ့အတွက်ကြောင့် မလေးရှား ပြီးရင် မြန်မာလာမယ်၊ အဲဒါကြောင့်

မြန်မာကလည်း ပြင်ဆင်ထားဖို့တော့ လိုပါတယ်ခင်ဗျ။ အဲဒီမှာ UNODC နဲ့ ASOD တို့က ကိုယ်စားလှယ်တွေက တင်ပြပါတယ်။ အဲဒီမှာနည်းနည်းသတိထားဖို့က UNODC ကနေပြီးတော့ တင်ပြတာက ကျွန်တော်တို့ မြန်မာနိုင်ငံအတွက်တော့ တော်တော်လေး အခြေအနေ ဆိုးပါတယ်။ အခြေအနေဆိုးတယ်ဆိုတာက အခြေအနေ အမှန်ပါပဲ ၂၀၀၆ ထိ ကျလာတယ်။ ဒါပေမဲ့ ဘိန်းစိုက်ပျိုးမှုက ၂၀၀၆ ကစပြီး ၂၀၁၄ ထိက တအား တက်တယ်။ အဲဒါတွေကို သူတို့က ထောက်ပြတယ်။ ထောက်ပြတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ ကြိုတင်ပြင်ဆင်သွားရပါတယ်။ ဒီထဲက အဲဒါကို ဖြေရှင်းဖို့ Diplomatically အားလုံးလည်း ကျေနပ်ရမယ်။ ဒါပေမဲ့ အဖြစ်မှန်ကလည်း ဖုံးကွယ်ထားလို့ မရဘူးခင်ဗျ။ ၂၀၀၇ ကစပြီးတော့ ၂၀၁၄ ထိ (၂၆) ရာခိုင်နှုန်း တက်တာကတော့ တက်တာပဲ အဲဒါ ဖုံးကွယ်လို့ မရဘူး။ အဲဒါဖြစ်ပေမယ့် ကျွန်တော်တို့က ဘယ်လို တားဆီးနေတယ်၊ ကျွန်တော်တို့က ဘယ်လိုလုပ်တယ်ဆိုတာကို ဒီကနေ ကျကျနန ပြင်ဆင်သွားမှပဲ ဟိုမှာ တင်ပြတဲ့အခါ ကျွန်တော်တို့ ထိရောက်မှုရှိပြီးတော့ ကျွန်တော်တို့ ကြိုးစားနေပါလား ဆိုတာကို ရရှိမှာ ဖြစ်ပါတယ်။ အဲဒီမှာ သဘာပတိကနေပြီးတော့ အစည်းအဝေး နောက်ပိုင်း ဒုတိယပိုင်းကို ဆက်ပါတယ်။ အစည်းအဝေး တတိယပိုင်းကိုတော့ မေလ ၁၄ ရက်နေ့ Nam Ngum Dam ဟိုတယ်မှာ ကျင်းပပါတယ်။ အဲဒီက ပါမောက္ခ ဒေါက်တာ Phonethep Pholsena က သဘာပတိအဖြစ် ဆောင်ရွက်ပါတယ်။ အဲဒီမှာ အစီရင်ခံစာတွေကိုစုကို ဆွေးနွေးကြပါတယ်။ ဆွေးနွေးပြီးတော့ ကျွန်တော်တို့ AIPA အဖွဲ့ဝင် ကိုယ်စားလှယ်တွေက အားလုံး ဆွေးနွေးပြီးတဲ့အခါမှာ ကျွန်တော်တို့ အစီရင်ခံစာတွေကို ကျွန်တော်တို့ ခေါင်းဆောင်တွေက လက်မှတ်ထိုးရပါတယ်။ လက်မှတ်ထိုးပြီးတော့ ညနေ (၄)နာရီခွဲမှာ အခမ်းအနား ပိတ်ပွဲ ကျင်းပပါတယ်။ ပိတ်ပွဲကျင်းပပြီးတော့ ၂၀၁၅ ခုနှစ် (၁၂)ကြိမ်မြောက် AIFOCOM အစည်းအဝေးအတွက် အိမ်ရှင်အဖြစ် တာဝန်ယူမယ့် မလေးရှားလွှတ်တော်မှ အောက်လွှတ်တော် အမတ် က နေပြီးတော့ သူက လက်ခံမိန့်ခွန်းကို ပြောရပါတယ်။ နောက်နှစ်ဆိုရင် ကျွန်တော်တို့ မြန်မာက လက်ခံမိန့်ခွန်း ပြောရမယ်။ အဲဒီအခါကျရင် ကျွန်တော်တို့ လက်ခံမိန့်ခွန်းကိုလည်း ပြင်ဆင်သွားဖို့ လိုပါတယ်။ အဲဒါပြီးတော့ အစည်းအဝေး ပြီးသွားပါတယ်။ ဒါ ကျွန်တော်က အချိန်ကို လေးစားသောအားဖြင့် အတိုချုံးလေး ကျွန်တော် တင်ပြတာပါ။ အဲဒါပြီးတော့ လေ့လာခရီး ထွက်ကြပါတယ်။ လေ့လာရေးခရီးထွက်ပြီးတော့ ကျွန်တော်တို့ ဘန်ကောက်ကတစ်ဆင့် ပြန်လည်ထွက်လာခဲ့ပါတယ်။

အကျိုးကျေးဇူးများအနေနဲ့ AIFOCOM အစည်းအဝေးမှာ ကျွန်တော်တို့ ဘာတွေ အကျိုးရလဲဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆောင်ရွက်ချက်ကို တင်ပြနိုင်ခဲ့ပါတယ်။ ကျွန်တော် ပြောသလိုပဲ ကျွန်တော်တို့ မြန်မာနိုင်ငံက Golden Triangle ရွှေတြိဂံနယ်မြေမှာ (၉၀)ရာခိုင်နှုန်း ကျွန်တော်တို့ မြန်မာနိုင်ငံက ထွက်နေတယ်။ ငြင်းလို့မရပါဘူး။ ငြင်းလို့ မရပေမယ့်လည်း ကျွန်တော်တို့က အဲဒီလောက်ထွက်နေပေမယ့် ဘယ်လိုကြိုးစားပြီးတော့ ဆောင်ရွက်နေတယ် ဆိုတာကိုတော့ ကြိုစားပြီးတော့ တင်ပြရပါတယ်။

နောက်ပြီးတော့ အာဆီယံ ပါလီမန်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှု အသိအမြင် တိုးပွားလာပါတယ်။ အာဆီယံနိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု အသိုက်အဝန်းများ အတွက် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ နောက်တစ်ခါ အာဆီယံနိုင်ငံရဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အခန်းကဏ္ဍ မြင့်တက်ရေး ဆွေးနွေးနိုင်ခဲ့ပါတယ်။ AIPA အဖွဲ့ဝင် နိုင်ငံများ အချင်းချင်း

ချစ်ကြည်ရင်းနှီးစွာ အမြင်ချင်း ဖလှယ်နိုင်ခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်ပြောတဲ့ အချက်ပါပဲ ဒီဥစ္စာဟာလေးက သတိထားဖို့ လိုတယ်။ နောင်တက်တဲ့ ကိုယ်စားလှယ်တွေဆိုလည်း UNODC ကတော့ သူက ရှင်းရှင်းပြောရင် ကျွန်တော်တို့ နိုင်ငံက Target ဖြစ်နေတာပေါ့။ အဲဒီအာဆီယံ (၁၀)နိုင်ငံလုံးမှာ ဒီပြင်နိုင်ငံတွေက ဘိန်းစိုက်ပျိုးမှု မရှိဘူး။ လာအိုရယ်၊ ကျွန်တော်တို့ရယ်၊ ယိုးဒယားရယ် ရှိတယ်။ ဒါပေမဲ့ ကျွန်တော်တို့က (၉၀)ရာခိုင်နှုန်း ကျော်ကျော် လာအိုကတော့ (၇) (၈)လောက်ပဲ ယိုဒယားကတော့ နည်းနည်းပဲ ရှိတော့တယ်။ အဲဒါကြောင့်မို့လို့ သူတိုရဲ့ အစီရင်ခံစာ ကိုတော့ ကျွန်တော်တို့က မျက်ခြေမပြတ် လိုက်ပြီးတော့ လေ့လာထား ရပါတယ်။ အဲဒီမှာ သူတင်ပြတာ က အုပ်စုဖွဲ့ ကျူးလွန်မှုကြောင့် ရရှိတဲ့ငွေပမာဏဟာ နှစ်စဉ် အမေရိကန် ဒေါ်လာ ဘီလီယံ (၉၀) လောက် ရှိတယ်လို့ ပြောပါတယ်။ (၃၁.၃)မှာ တရားမဝင် မူးယစ်ဆေးမှ ရရှိတဲ့ အမြတ်ငွေ ဖြစ်ပါ တယ်။ အဲဒီမှာ ၂၀၁၃ မှာ ရွှေတြိဂံမှာ ဘိန်းစိုက်ပျိုးမှု ဧရိယာ အက်တာ (၆၂၀၀၀)ကျော် ရှိတယ်တဲ့ အဲဒီမှာမြန်မာနိုင်ငံရဲ့ ဘိန်းစိုက်ပျိုးမှုဧရိယာဟာ ရွှေတြိဂံ ဒေသရဲ့ (၉၃)ရာခိုင်နှုန်း ရှိတယ်ဆိုပြီးတော့ သူက တင်ပြပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ အနေနဲ့ကတော့ အကြမ်းဖျင်းလေးပါ။ နောက်ပိုင်းမှာ လည်း Power Point နဲ့ပဲ ကျွန်တော် တကယ်တင်ပြခဲ့တဲ့ ခတ်ပုံနဲ့ဟာကို ပြပါမယ်။ ဒါကတော့ ကျွန်တော်တို့က နိဒါန်းကတည်းက မြန်မာနိုင်ငံဟာ (၄၈)ခုနှစ်ကတည်းက လွတ်လပ်ရေး ရကတည်းက မူးယစ်ဆေးဝါးကို လူသားမျိုးနွယ်ရဲ့ရန်သူအဖြစ် သတ်မှတ်ပြီးတော့ တို့ အစိုးရက တတ်နိုင်သလောက် လုပ်နေတယ်။

၁၉၉၉ ကနေပြီးတော့ ၂၀၁၀ ကစပြီးတော့ (၁၅)နှစ် စီမံကိန်းနဲ့မူးယစ်ဆေးဝါးပပျောက်ရေး လုပ်နေတယ်။ အဲဒီမှာ ပထမ (၅)နှစ်၊ ဒုတိယ (၅)နှစ် တတိယ (၅)နှစ် စသည်ဖြင့် ဘယ်လို တိုက်ဖျက် နေတယ်ဆိုတာတွေ ကျွန်တော် ပြောပါတယ်။ ပြောပြီးတော့မှ ဘိန်းစိုက် ပြန်လည်မြင့်တက်လာတယ်။ အဲဒီမှာ ကျွန်တော်တို့ ဘာကြောင့် မြင့်တက်လဲဆိုတော့ ဒီအချက်အလက်တွေကလည်း ကျွန်တော်က ဟိုက ရပါတယ်။ CCTA ကျွန်တော်တို့ဆီက မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ဗဟိုကော်မတီကနေ ရပါတယ်။ အဲဒီက ဘာပြောလဲဆိုတော့ ဘိန်းစိုက်ပျိုးမှု မြင့်တက်လာရခြင်း အဓိက အကြောင်းရင်းမှာ အစာရေစာနဲ့ စားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းရန် နောက်တစ်ခါ ဘိန်းစိုက်ဒေသမှာရှိတဲ့ ဘိန်းရဲ့ Demand ပေါ့လေ ဈေးကွက်ကလည်း တိုးတက်နေတယ်။ နောက်တစ်ခါ ဘိန်းအစားထိုးတဲ့ အခြားသီးနှံ တို့ကလည်း ထင်သလောက် မအောင်မြင်ဘူး။ အဲဒါတွေကြောင့်မို့လို့ ဆိုပြီးတော့ ပြောပါတယ်။ ကျွန်တော့်ကိုယ်တွေ့လည်း ထည့်ပြောတော့ စိတ်ဝင်စားပါတယ်။ ကျွန်တော် ကိုယ်တိုင် တပ်မတော်လေမှာ တာဝန်ထမ်းဆောင်တုန်းက ကျွန်တော် ဘိန်းစစ်ဆေးရေးတွေ အများကြီး လုပ်ခဲ့ရပါ တယ်။ ကျွန်တော်တို့က ဘိန်းလားတန်းတွေကို လိုက်ပြီးတော့ ရှာပြီးတော့ ကျွန်တော်က Fighter မောင်းတော့ လိုက်ပစ်ခတ်ရတာပေါ့လေ ပစ်ခတ်ပြီးတော့ နှိမ်နင်းခဲ့ရတယ်။ အဲဒီ အကြောင်းတွေ ပြောပြတယ်။ နောက်တစ်ခါ track ဆိုတဲ့ လေယာဉ်ပျံက ဘိန်းပင်တွေကြားမှာ ဆေးဖျန်းတာ၊ အဲဒါတွေနဲ့ဆေးဖျန်းတဲ့အခါ နိမ့်နိမ့်လေးဖျန်းရတယ်။ ဖျန်းပြီးတော့ ဆွဲတင်တဲ့အခါ သူတို့ကလည်း သူတို့ရဲ့စားဝတ်နေရေး လာထိခိုက်တဲ့အခါကျတော့ သူပုန်တွေကလည်းရှိတော့ ပစ်တာပဲ၊ ပစ်တော့ ကျွန်တော်တို့ထဲကလည်း ဗိုလ်မှူးစံထွားတို့ ဘာတို့ ဆိုတာ ကျသွားပါတယ်။ အဲဒါမျိုးလေးတွေ ကျွန်တော် ပြောပြတော့ တကယ်ပဲ တပ်မတော် ကြည်းကလည်း အောက်ကနေ ဘိန်းဖျက်ဆီးရေးနဲ့ တိုက်ပွဲတွေဖြစ်၊ ကျွန်တော်တို့ရဲ့ တပ်မတော်သားတွေဟာ အသက်ပါပေးပြီးတော့ ဘိန်းစိုက်ပျိုးမှု

ပပျောက်ရေးအတွက် ဆောင်ရွက်နေကြတယ်ဆိုတာ ကျွန်တော် ပြောပြခဲ့ပါတယ်။ အဲဒီလို ပြောတော့ သူတော့ ပိုပြီးတော့ ဒီဟာတွေ တကယ်လုပ်နေပါလားဆိုတာ အဲဒီတော့ ဒီလိုတက်လာပေမယ့် ကျွန်တော်တို့က တစ်ဖက်က ဒီလိုလုပ်တယ်ဆိုတာ ကျွန်တော်တို့ ပြောခဲ့ပါတယ်။ ဒါကတော့ ခုနတုန်းက ဥစ္စာကတော့ ဘိန်းကိစ္စပြီးသွား ဒါက AIFOCOM ကို နည်းပညာဆိုင်ရာ TWG ဆိုတဲ့ အဖွဲ့လေး ရှိတယ်။ အဲဒီမှာ ဘယ်လိုလုပ်ကြမလဲဆိုတာကို စီမံချက်တွေ ဖြစ်ပါတယ်။ အစည်းအဝေးရဲ့ အတည်ပြုချက်ကတော့ မူးယစ်ကင်းစင်သော အာဆီယံ အသိုက်အဝန်း တည်ထောင်ရန် လွှတ်တော် အချင်းချင်း ဥပဒေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဆုံးဖြတ်ချက် နောက်တစ်ခါ (၁၁) ကြိမ်မြောက် အာဆီယံ အစည်းအဝေး အစီရင်ခံစာ အဲဒါကို ကျွန်တော်တို့ ခေါင်းဆောင်တွေက Sign ထိုးရပါတယ်။ ဒါကတော့ အစည်းအဝေးပြီးမြောက်ခြင်း ဖြစ်ပါတယ်။ အဲဒါကတော့ နောက်လုပ်ရမယ့် အိမ်ရှင်နိုင်ငံက မိန့်ခွန်းဖြစ်ပါတယ်။ အဲဒီကတော့ ကျွန်တော် ဆိုလိုချင်တာကတော့ ကျွန်တော်တို့ နိုင်ငံက တတ်နိုင်သလောက် ဘိန်းအန္တရာယ် ကင်းစင်ဖို့အတွက်ကို အစိုးရကနေပြီးတော့ မူချပြီးတော့ ဆောင်ရွက်နေပါတယ်။ အဲဒါကို အာဆီယံနိုင်ငံတွေ အားလုံးကနေပြီးတော့ လက်ခံနိုင် အောင် တင်ပြဖို့ရယ် လွှတ်တော်တွေကနေ ပြီးတော့ ဥပဒေပြုတယ်ဆိုတယ် ဆိုတဲ့ အကြောင်းတွေကို ကျွန်တော်တို့ တင်ပြခဲ့ပါတယ်။ အဲဒါနဲ့ပဲ ကျွန်တော်တို့ရဲ့ခရီးစဉ်က ဆောင်ရွက်ရမယ့် တာဝန်တွေကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

(၁၁)ကြိမ်မြောက် AIFOCOM အစည်းအဝေး ကျင်းပခြင်း (ဆ)



(၁၁)ကြိမ်မြောက် AIFOCOM အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ အမှတ်တရဓာတ်ပုံရိုက်ခြင်း(ဆ-၁)




(၁၁)ကြိမ်မြောက် AIFOCOM အစည်းအဝေး ဆုံးဖြတ်ချက်များကို မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးညွှန့်တင် က လက်မှတ်ရေးထိုးပြီး သဘာပတိထံ တင်ပြခြင်း(ဆ-၂)



**အချိန်၊ ၁၂:၂၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးညွန့်တင် ခေါင်းဆောင်တဲ့ မြန်မာလွှတ်တော် ကိုယ်စားလှယ် အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယန်ကျင်းမြို့မှာ ကျင်းပပြုလုပ်တဲ့ (၁၁) ကြိမ်မြောက် AIPA မူးယစ်ဆေးဝါး အန္တရာယ်တိုက်ဖျက်ရေးဆိုင်ရာ အချက်အလက်ရှာဖွေရေး ကော်မတီ အစည်းအဝေးကို တက်ရောက်ခဲ့တဲ့ အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၂)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် (၃၃) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂:၂၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ၁၂:၂၇ နာရီ အချိန်တွင် ရပ်နားပါသည်။]